ကြေးမုံ
The Mirror

၁၃၇၂ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်၊ တနင်္လာနေ့၊ (6-9-2010) (၆၅၁၃)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး * အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နေပြည်တော်-မန္တလေး ရထားလမ်းပိုင်း ကြံ့ခိုင်မှု ဝန်ကြီး ဦးအောင်မင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၅

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းသည် နေပြည်တော်-မန္တလေး ရထားလမ်းပိုင်း၌ ထူးကဲစွာ မိုးရွာသွန်းမှုကြောင့် ရထားလမ်းအချို့ ပျက်စီးမှုနှင့် ရထားလမ်းကြံ့ခိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးရန် ဒုတိယဝန်ကြီး ဦးဖေသန်းနှင့်အတူ စက်တင်ဘာ ၅ ရက်တွင် နေပြည်တော်ဘူတာမှ RBE အထူးရထားဖြင့် ထွက်ခွာလာပြီး သဲတောဘူတာနှင့် ဟံဇာဘူတာအကြား မိုင်တိုင်အမှတ် (၃၁၉/၁၉)နှင့် (၃၂၀/၂)အကြား၌ ရထားလမ်းပေါ်သို့ ရေကျော်ရေတိုက်စားက ပျက်စီးနေသဖြင့် မြန်မာ့မီးရထား ဝန်ထမ်းများက ပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် RBE အထူးရထားဖြင့် ဆက်လက်ထွက်ခွာပြီး သဲတောဘူတာနှင့် ဟံဇာဘူတာအကြား မိုင်တိုင်အမှတ်(၃၂၀/၆)နှင့် (၃၂၀/၁၅)အကြား၌ ရေတိုက်စား၍ ရထားလမ်းပျက်စီးမှုအား မြန်မာ့မီးရထား ဝန်ထမ်းများက ပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး အမြန်ပြီးစီးအောင် ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားကာ သံလမ်းလုပ်သားများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❑

အင်္ဂပူမြို့က ပြန်ခဲ့တယ်

သတင်းဆောင်းပါး
မောင်မောင်ထွေး(သတင်းစဉ်)
ဓာတ်ပုံ - ရဲထွဋ် (သတင်းစဉ်)
အဆင်အပြင် - ခင်မျိုးနိုင်

ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းက ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် အင်္ဂပူမြို့နယ်ကို လေးရက်ခရီး သုံးညအိပ် ရောက်ခဲ့ပါတယ်။ အင်္ဂပူမြို့ကပြန်ခဲ့ပေမယ့် အဲဒီဒေသရဲ့ ဖွံ့ဖြိုးတိုးတက်မှု ပုံရိပ်တွေကတော့ အလွယ်တကူ မေ့ပျောက်ဖို့ မဖြစ်နိုင်ခဲ့ပါဘူး။

အင်္ဂပူမြို့နယ်ဟာ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရဲ့ အစိတ်အပိုင်းတစ်ခု ဖြစ်သော်လည်း အခြားဒေသများနဲ့ မတူကွဲပြားခြားနားပါတယ်။ မြို့အနောက်ဘက်မှာ အနောက်ရိုးမတောင်တန်းတည်ရှိပြီး ရခိုင်ရိုးမနဲ့ဆက်စပ်နေပါတယ်။

မြေမျက်နှာသွင်ပြင်က အနောက်ဘက်မှ အရှေ့ဘက်သို့ တဖြည်းဖြည်း နိမ့်ဆင်းလာပြီး အရှေ့ဘက်ရှိ ဧရာဝတီမြစ်အထိ ဖြစ်ပါတယ်။ မြို့ရဲ့ဧရိယာ လေးပုံ သုံးပုံဟာ မြေပြန့်လွင်ပြင်များဖြစ်ပြီး ဧရာဝတီနဲ့ ငဝန်မြစ်ဝှမ်းတို့ပါဝင်ပါတယ်။ ဧရိယာစတုရန်းမိုင် ၆၂၈ ဒသမ ၂၀ ကျယ်ဝန်းပြီး အင်္ဂပူ၊ မဲဇလီကုန်း၊ ထူးကြီး၊ ကွင်းကောက်နဲ့ ညောင်ကျိုးတိုက်နယ်ဒေသတွေပါဝင်ကာ ရပ်ကွက်သုံးခုနဲ့ ကျေးရွာအုပ်စု ၇၃ ခုဖြင့် ဖွဲ့စည်းထားပါတယ်။

အင်္ဂပူမြို့ဟာ အရှေ့ဘက်မှာ ပဲခူးတိုင်းဒေသကြီး မိုးညိုနဲ့ လက်ပံတန်းမြို့နယ်၊ အနောက်ဘက်မှာ ရခိုင်ပြည်နယ် ဂွမြို့နယ်၊ တောင်ဘက်မှာ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်နဲ့ လေးမျက်နှာမြို့နယ်၊ မြောက်ဘက်မှာ မြန်အောင်မြို့နယ်တို့နဲ့ နယ်နိမိတ်ချင်းထိစပ်လျက်ရှိပြီး ရထားလမ်း၊ ကားလမ်း၊ ရေကြောင်းလမ်းတို့ဖြင့် အလွယ်တကူ သွားလာနိုင်ပြီဖြစ်လို့ အချက်အချာကျတဲ့ မြို့တစ်မြို့ ဖြစ်ပါတယ်။

ရှေးယခင်က အင်္ဂပူရ၊ အုဂ်ဖို၊ အင်္ဂပူဆိုပြီး အမည်သုံးမျိုးရှိခဲ့ကြောင်း၊ ကောဇာသက္ကရာဇ် ၂၇၇ ခုနှစ်မှာ သမုဒ္ဒယောသမင်းနဲ့ ဥက္ကလာပမင်းကြီးရဲ့ သမီးတော် ဥမ္မာဒန္တီတို့ ပုသိမ် ၃၂ မြို့ကို တည်ထောင်စဉ်က အင်္ဂပူရမြို့အမည်ဖြင့် တစ်မြို့အပါအဝင်ဖြစ်ကြောင်း၊ သမုဒ္ဒယောသမင်းကြီးရဲ့သားတော် အင်္ဂါဝိုရ်မင်းသားကို အပိုင်စားပေးအုပ်ချုပ်စေခဲ့ရာမှ မင်းသားအမည်ကို အစွဲပြုပြီး အင်္ဂပူရမြို့ဟု အမည်တွင်ခဲ့ကြောင်း၊ ကုန်းဘောင်မင်းဆက်ကို တည်ထောင်ခဲ့သော အလောင်းမင်းတရားက အင်္ဂပူရတိုက်နယ်အဖြစ် အဆင့်ဆင့် တိုးမြှင့်ဖွဲ့စည်းပြီး စိတ္တဗိုလ်မင်းအား တိုက်သူကြီးရာထူး အပ်နှင်းခဲ့ကြောင်း၊ ၁၁၁၉ ခုနှစ်မှာ အင်္ဂပူရမြို့ရှိ ရွှေဆံတော်စေတီကို ထပ်မံပြုပြင်မွမ်းမံရန် အုဂ်ဖိုများအပြားပြုလုပ်ရာမှ အင်္ဂပူရအမည်ပျောက်ပြီး အုဂ်ဖိုမြို့တွင်ခဲ့ကြောင်း၊ ကိုလိုနီနယ်ချဲ့လက်အောက်မှာတော့ လက်ပံတန်း-ပြည်ရထားလမ်းပေါ်ရှိ အုတ်ဖိုမြို့နဲ့

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖

အင်္ဂပူမြို့ရှိ အော်တိုအိတ်ချိန်းရုံးကလည်း ဖွံ့ဖြိုးမှု၏ သရုပ်ကို ဤသို့ ဖော်ပြနေသည်။

လယ်ယာရှုခင်း

နှစ်စဉ် မိုးစပါးဧက တစ်သိန်းကျော်ကို ဤသို့ စိုက်ပျိုးလျက်ရှိသော အင်္ဂပူမြို့နယ်၏ လယ်ယာရှုခင်း။

ကြေးမုံ The Mirror
၆-၉-၂၀၁၀
(တနင်္လာနေ့)

မြေလွတ်မြေရိုင်းများ တိုးချဲ့ဖော်ထုတ် သဘာဝမြေဩဇာများ ထုတ်လုပ်သုံးစွဲ

မြန်မာနိုင်ငံသည် ရေမြေရာသီဥတု ညီညွတ်မျှတသည်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် တစ်မျိုးသားလုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အချိုးအစားကြီးမားစွာ ပါဝင်နေသည်။ စပါးနှင့် အခြားသီးနှံများ စိုက်ပျိုးမှု အောင်မြင် ဖြစ်ထွန်းလျက်ရှိရာ လယ်ယာကဏ္ဍထုတ်လုပ်မှု တိုးတက်မြင့်မားစေရေး အခါမလပ် အားထုတ်ကြရပေမည်။

နှစ်စဉ် မိုးစပါး၊ နွေစပါးများ တိုးချဲ့စိုက်ပျိုးနိုင်လျက်ရှိရာ စပါးတင်းသန်းပေါင်း ၁၅၀၀ကျော် ထွက်ရှိနေပြီ။ ပြည်ပပို့ကုန် သီးနှံစုံတိုးမြှင့် တင်ပို့နိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်သည်။ အထူးသဖြင့် မြေလွတ်မြေရိုင်းများ တိုးချဲ့ဖော်ထုတ်စိုက်ပျိုးခြင်း၊ စိုက်ပျိုးရေး အထူးဇုန်များ ထူထောင်ခြင်းတို့ဖြင့် စပါးနှင့်အခြားသီးနှံများ ပိုမိုစိုက်ပျိုးလာနိုင်မည် ဖြစ်သည်။ သီးနှံများ တစ်ဧကအထွက်နှုန်းတိုးရေး တီထွင်ကြံဆကြရပေမည်။

စိုက်ပျိုးမြေများ၏ မြေဆီလွှာ ဂုဏ်သတ္တိများ တိုးတက်ကောင်းမွန်လာရေးအတွက် သဘာဝမြေဩဇာများ ပိုမိုထုတ်လုပ်အသုံးပြုသင့်သည်။ သဘာဝမြေဩဇာကို အပင်အတွက် အာဟာရဖြစ်စေသည့် မြေဆွေး၊ သစ်ရွက်ဆွေး၊ တိရစ္ဆာန်အညစ်အကြေးများနှင့် အပင်အစိတ်အပိုင်းများဖြင့် ပြုလုပ်အသုံးပြုနိုင်သည်။ ယင်းသို့ လုပ်ဆောင်ခြင်းဖြင့် လယ်ယာဥယျာဉ်ခြံမြေတို့၏ မြေဆီလွှာပျက်စီးမှုကို ပြုပြင်ပေးနိုင်သည်။ ပိုးမွှားနှင့် ရောဂါများ ကာကွယ်နိုင်ပြီး ဓာတုဓာတ်ကြွင်းအန္တရာယ်ကင်းသည့် သီးနှံများ ထွက်ရှိလာမည်ဖြစ်သည်။

ယခုအခါ ပဲဖတ်၊ နှမ်းဖတ်၊ နွားချေး၊ ကြက်ချေး၊ အရိုးမှုန့်စသည့် တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများနှင့် အပင်အကျိုးပြု သဘာဝပစ္စည်းများ ရောစပ်အသုံးပြုထားသော သဘာဝမြေဩဇာများ ထုတ်လုပ်ဖြန့်ဖြူးသုံးစွဲနေကြပြီ။ ထို့အပြင် ရွက်စိမ်းသဘာဝရွက်ဖျန်းအပင်အားဖြည့်ဆေးရည်၊ ဇီဝရွက်ဖျန်းမြေဩဇာရည်တို့ကိုပါ ထုတ်လုပ်လျက်ရှိရာ စပါး၊ ဂျုံ၊ ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲမျိုးစုံနှင့် ဟင်းသီးဟင်းရွက် စိုက်ခင်းများတွင်ပါ အသုံးပြုနိုင်ကြောင်း သိရသည်။

ထို့အပြင် အခြေအနေပေးသော ဒေသများ၌ ငါးမွေးမြူရေးကန်များ၊ ကြက်မွေးမြူရေးခြံများနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ပေါင်းစပ်လုပ်ကိုင်လျက်ရှိသည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေး အပြန်အလှန် အကျိုးပြုသည့် ပေါင်းစည်းလယ်ယာစနစ် ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်ကြခြင်းဖြင့် ကျေးလက်ဒေသစီးပွားရေးလုပ်ငန်း တိုးတက်ရေး အကျိုးပြုနိုင်မည်ဖြစ်သည်။

နိုင်ငံတော်က လယ်ယာစိုက်ပျိုးရေးတွင် လိုအပ်သည့် စိုက်ပျိုးရေရရှိရေး အစီအမံများ ဖန်တီးဖော်ဆောင်ပေးနေသည်။ နိုင်ငံတစ်ဝန်း၌ ဆည်တမံ ရေထိန်းတံခါးပေါင်းနှစ်ရာကျော် တည်ဆောက်ပေးထားပြီ။ အထွက်တိုး မျိုးကောင်းမျိုးသန့် စပါးစိုက်ပျိုးရေး၊ စိုက်နည်းစနစ် ခေတ်မီရေး၊ သီးနှံလေလွင့်မှု လျော့နည်းရေး အသိပညာပေးနေပြီ။ တောင်သူလယ်သမားများက မြေလွတ်မြေရိုင်းများ၊ စိုက်ပျိုးရေးဇုန်များ ဖော်ထုတ်စိုက်ပျိုးခြင်း၊ သဘာဝမြေဩဇာများ ထုတ်လုပ်သုံးစွဲခြင်းတို့ဖြင့် လယ်ယာကဏ္ဍသီးနှံများ ပိုမိုထုတ်လုပ်ထွက်ရှိလာမည်ဖြစ်ပါသည်။ ။

ISO QMS Training ကျင်းပ

ရန်ကုန် စက်တင်ဘာ ၅

MAT Professional Training & Services နှင့် Guardian Independent Certification Ltd. (UK) တို့ ပူးပေါင်း၍ ISO QMS 9001: 2008 Quality Management System Awareness သင်တန်းကို စက်တင်ဘာ ၂ရက်တွင် အမှတ်(၃၅၅) သိမ်ဖြူလမ်းရှိ MAT သင်တန်းကျောင်း၌ ကျင်းပသည်။

(အောက်ယာပုံ)

အဆိုပါသင်တန်းသို့ မြန်မာနိုင်ငံရှိ ISO လက်မှတ်ရ ကုမ္ပဏီများ၊ ISO လက်မှတ်ရယူလိုသော ကုမ္ပဏီများ အစရှိသည့် ကုမ္ပဏီ ၁၅ ခု၊ INGO များနှင့် အခြားစိတ်ပါဝင်စားသူ သင်တန်းသား ၆၀ခန့် တက်ရောက်ခဲ့ကြပြီး IRCA - UK Registered QMS Auditor [GIC International Ltd. (UK)] Dr. Tin Latt က ပို့ချကာ သင်တန်းပြီးဆုံးချိန်တွင် သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်သည်။

မြန်မာနိုင်ငံတွင် ISO QMS နှင့် ပတ်သက်သော သင်တန်းများကို MAT Professional Training & Services ၌ လေ့လာသင်ယူနိုင်ကြောင်း၊ ၎င်းအပြင် HACCP, ISO 22000 သင်တန်းများ၊ Marketing သင်တန်းများ၊ Auditing သင်တန်းများကို လစဉ်ပို့ချလျက်ရှိကြောင်း၊ ကုမ္ပဏီများ ISO လက်မှတ်ရရှိရေးအတွက် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ စစ်ဆေးပေးခြင်း၊ ဝန်ဆောင်မှုပေးခြင်း တို့ကိုလည်း ဆောင်ရွက်ပေးလျက် ရှိသည့်အပြင် LCCI, ACCA, CAT နှင့် ABE သင်တန်းများကိုလည်း ပို့ချပေးလျက်ရှိကြောင်း၊ လာမည့် စက်တင်ဘာ ၁၈ ရက်နှင့် ၁၉ရက်တို့တွင် ISO 14000- Environmental Management Standards (သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ စီမံခန့်ခွဲမှုစံညွှန်းများ) ဘာသာရပ်ကို ဆက်လက်ဖွင့်လှစ် ပို့ချပေးမည် ဖြစ်ကြောင်း၊ စိတ်ပါဝင်စားသူများအနေဖြင့် MAT Professional Training & Services , ဖုန်း-၂၄၆၆၁၈၊ ၇၃၀၀၂၉၅၈၊ ၂၄၂၄၃၁နှင့် www.matprofessional.com တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် စက်တင်ဘာ ၅

ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၃ရက် ညနေပိုင်းတွင် တာမွေမြို့နယ်ရှိ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီရုံးချုပ်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း တက်ရောက်သည်။

အစီအစဉ်အရ တိုင်းမှူးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ဆိုင်ရာများနှင့် စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တာဝန်ရှိသူများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး ဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အသီးသီး ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှာစကားပြော

ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

မိတ္ထီလာ၌ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး အသိပညာပေး

မိတ္ထီလာ စက်တင်ဘာ ၅

မိတ္ထီလာမြို့နယ် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီနှင့် Save the Children တို့ ပူးပေါင်းဆောင်ရွက်သည့် စားသောက်ဆိုင်နှင့် လုပ်ငန်းရှင်များ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး အသိပညာပေး ဆွေးနွေးပွဲ အခမ်းအနားကို ဩဂုတ် ၂၆ ရက် နံနက် ၉ နာရီတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအသိပညာပေးဆွေးနွေးပွဲတွင် မြို့နယ်ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးကျော်ဆွေက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်တရားသူကြီးနှင့် မြို့နယ်ဒုတိယဥပဒေအရာရှိတို့က ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဥပဒေများ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြို့နယ်အလုပ်သမားဥပဒေရုံးမှ ဦးစီးအရာရှိက ကလေးသူငယ်အလုပ်သမားဥပဒေများ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Save the Children မှ Project Officer များဖြစ်သည့် ဦးခင်ဇော်နှင့် ဒေါ်စုစုထွေးတို့က Save the Children ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးဟောပြောကြသည်။ အဆိုပါ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး အသိပညာပေး ဆွေးနွေးပွဲကို ဩဂုတ် ၂၆ ရက်မှ ၂၇ ရက်အထိ ကျင်းပခဲ့ကြောင်းသိရှိရသည်။

(ဝ၇၈)

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၅

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် ဩဂုတ် ၃၁ ရက်တွင် ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)အတွင်း ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အမျိုးသားရေးအသွင်

ရှေးဦးစွာ ဒုတိယဝန်ကြီးသည် ပေါင်းတည် ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံအစည်းအဝေးခန်းမ၌ မြို့နယ်ကျန်းမာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များမှ အသင်းဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံ၍ နိုင်ငံဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်ရာတွင် လူဦးရေအများစု နေထိုင်ရာဖြစ်သော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကျန်းမာရေးသည် ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအကျဆုံးဖြစ်သဖြင့် လူတိုင်းကျန်းမာရေးကောင်းမွန်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားပြီး မိခင်နှင့်ကလေးကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အဓိကထား ဆောင်ရွက်ရန်၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ကျန်းမာရေးကော်မတီ အသီးသီး၏ ဦးဆောင်ညွှန်ကြားမှုဖြင့် ဆောင်ရွက်ရန်၊ အမျိုးသမီးများသည် သွေးအားနည်းရောဂါမှ ကာကွယ်နိုင်ရန် သံဓာတ်နှင့် ဖောလစ်အက်စစ်၊ ဘီတာမင်-ဘီ-၁ တို့ကို သုံးစွဲရန်၊ အိုင်အိုဒင်းဆား စားသုံးရန်နှင့် အာဟာရချို့တဲ့မှုမရှိစေရန် အစားမရှောင်ဘဲစားသောက်ရန်၊ ကိုယ်ဝန်ဆောင်မိခင်တိုင်း ကျန်းမာရေးဝန်ထမ်းများနှင့် ပြသမွေးဖွားရန်၊အိမ်တိုင်း ယင်လုံအိမ်သာ အသုံးပြုရန်၊ သန့်ရှင်းသော သောက်သုံးရေသုံးစွဲရန်နှင့် လက်ဆေးသည့် အလေ့အကျင့်ကောင်းများ တည်ဆောက်ရန်၊ ငှက်ဖျား၊ တီဘီနှင့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါများကို အမျိုးသားရေးအသွင်ဖြင့် တိုက်ဖျက်ရန်၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူလူထုကိုယ်တိုင် ပါဝင်ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ဆေးစိမ်ခြင်ထောင်ပေးအပ်

ထို့နောက် ဒုတိယဝန်ကြီးသည် ကျေးလက်နေ ပြည်သူများအတွက် ဆေးစိမ်ခြင်ထောင်များကို သက်ဆိုင်ရာ ကျေးလက်ကျန်းမာရေးဌာနများအလိုက် ပေးအပ်သည်။

ထိုမှတစ်ဆင့် ပေါင်းတည်မြို့နယ် အင်္ဂကျေးရွာအုပ်စု ဘုန်းတော်ကြီးကျောင်း၌ ကျေးလက်ကျန်းမာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များမှ အသင်းဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံ၍ အမှာစကားပြောကြားပြီး အင်္ဂရာပြည့် ကျေးလက်ကျန်းမာရေးဌာနကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



နဂါးပတ်လမ်း ကျောက်ခင်း

မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ နဂါးပတ်လမ်း ကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်အောင်နှင့် အငယ်တန်းအင်ဂျင်နီယာ-၂ ဦးခင်မောင်အေးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

နေပြည်တော်-မန္တလေး ရထားလမ်းပိုင်း

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်း နေပြည်တော်-မန္တလေး ရထားလမ်းပိုင်းကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရွှေ့ဖုံးမှ

ဆက်လက်၍ ဝန်ကြီး ဦးအောင်မင်းနှင့် အဖွဲ့သည် သဲတောဘူတာနှင့် စမုံဘူတာ အကြား မိုင်တိုင်အမှတ် (၃၂၆/၁၇)နှင့် (၃၂၆/၁၈)အကြားတွင် ရေတိုက်စား၍ ပျက်စီးနေသည့်နေရာများအား ကျောက်ဖြည့်ခြင်းနှင့် သဲအိတ်များခင်းခြင်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားကာ တံတားအမှတ်(၁၇၇)၏ ကြံ့ခိုင်မှုကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ပျက်စီးမှုသည် ဩဂုတ် ၂၅ ရက်နှင့် စက်တင်ဘာ ၃ ရက်တို့တွင် ထူးကဲစွာ မိုးရွာသွန်းမှုကြောင့် ရထားလမ်းကို ရေတိုက်စားပျက်စီးခဲ့သဖြင့် ပြန်လည်ပြုပြင်လျက်ရှိပြီး ခရီးသည်များ လုံခြုံစိတ်ချစွာဖြင့် ခရီးသွားလာမှု အဆင်ပြေစေရန်အတွက် ရထားသွားလာမှုအား ရပ်တန့်မှုမရှိဘဲ ခရီးစဉ်များကို ပုံမှန်ပြေးဆွဲလျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်ဇင်ယော်လမ်း (၁၀)ရပ်ကွက် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်နေ ဦးစံသာကျော်(ဒုတိယညွှန်ကြားရေးမှူးချုပ်-ငြိမ်း)-ဒေါ်စောကြည် မိသားစုက ဦးစံသာကျော်၏ အသက် (၇၀)ပြည့် မွေးနေ့အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင်နှင့် အရုဏ်ဆွမ်းတို့အတွက် အလှူငွေကျပ် ၁၁၀၀၀၀ ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးသန်းလှ လက်ခံစဉ်။ (သတင်းစဉ်)

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာန အာစရိယပူဇော်ပွဲ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၅

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန (မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်)က ကြီးမှူးဖွင့်လှစ်သော Postgraduate Diploma in English Course No.12 (Advanced Level - 1) Weekends Section သင်တန်းသား၊ သင်တန်းသူများ၏ အာစရိယပူဇော်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် အဆိုပါတက္ကသိုလ် သီရိရတနာခန်းမ၌ ကျင်းပရာ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန သင်တန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တာဝန်ခံပါမောက္ခချုပ် ဒေါက်တာဇော်လင်း၊ အင်္ဂလိပ်စာဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာမောင်မောင်ဦးနှင့် ဆရာ၊ ဆရာမများ၊ အာစရိယပူဇော်ပွဲ ကျင်းပရေးကော်မတီဝင်များ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သင်တန်းသား၊ သင်တန်းသူများက ဆရာ၊ ဆရာမများအား ကန်တော့ချိုးဖြင့် ရှိခိုးကြပြီး ဂါရဝလက်ဆောင်ပစ္စည်းများဖြင့် ကန်တော့ကြသည်။

ထို့နောက် အာစရိယပူဇော်ပွဲ ကျင်းပရေးကော်မတီ အတွင်းရေးမှူး ဦးခင်မောင်သန်းက အာစရိယပူဇော်ပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တာဝန်ခံပါမောက္ခချုပ်နှင့် အင်္ဂလိပ်စာဌာန ပါမောက္ခ (ဌာနမှူး)တို့က ဩဝါဒစကားနှင့် ဆုပေးစကား ပြောကြားကြသည်။

ယင်းနောက် အာစရိယပူဇော်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ အငြိမ်းစား အထက်တန်း ကျောင်းအုပ်ဆရာကြီး ဦးမြို့က ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အခြေခံပညာအလယ်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်

နေပြည်တော် စက်တင်ဘာ ၅

ကယားပြည်နယ် လောပိတကျေးရွာအုပ်စု ရှမ်းရွာ အခြေခံပညာအလယ်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၃ ရက် နံနက်ပိုင်းတွင် ကျင်းပရာ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး တာဝန်ရှိသူများက ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကာ ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ပြည်နယ်ဥက္ကဋ္ဌသည် ဒီမောဆိုမြို့နယ် အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး တာဝန်ရှိသူတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ပြည်နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ယခုအပတ်ထုတ် မြန်မာပို့စ်ဂျာနယ်ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၅

မြန်မာပို့စ်ဂျာနယ် အတွဲ(၂)၊ အမှတ် (၃၄)ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group က မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ထုတ်ဝေဖြန့်ချိလိုက်သည်။

မြန်မာပို့စ်ဂျာနယ်တွင် "၂၀၁၀ နှစ်လယ်ကတည်းက အဘက်ဘက်တွင် အုံ့သြစရာပြောင်းလဲနေပြီး စီးပွားရေးအရ စိန်ခေါ်မှု၊ ခြိမ်းခြောက်မှု၊ ယှဉ်ပြိုင်မှုတို့ကို ဘယ်လိုရင်ဆိုင်ကျော်လွှားပြီး အခွင့်အလမ်းကို ဘယ်လိုရယူမလဲ"၊ "အိပ်မက်ဖြင့် စခဲ့သည့် မြန်မာ ICT Industry ကဏ္ဍတွင် ဘယ်ကုမ္ပဏီများ အောင်မြင်မှုလမ်းကြောင်းပေါ် ရောက်လာပြီလဲ"၊ "ထိုင်းပစ္စည်းမရှား များမှများ ပေါမှပေါ၊ ထိုင်းလုပ်ငန်းရှင်များ မြန်မာနိုင်ငံဈေးကွက်ခိုင်မြဲရန်နှင့် ထိုးဖောက်ရန် ကြိုးပမ်းလျက်ရှိ" စသည့် မျက်နှာဖုံးသတင်းဆောင်းပါးများ၊ "ခမ္ဘစေတီခေါင်းလောင်းကြီး ရှာပုံတော် ရေရာသေချာရဲ့လား၊ နိုင်ငံခြားသားအဖွဲ့နှစ်ဖွဲ့ ခေတ်မီနည်းပညာများဖြင့် ရှာဖွေသော်လည်း နေရာအတိအကျ မသိသေး"၊ စသည့် သတင်းဆောင်းပါးများ၊ လူထုစိန်ဝင်း၊ မောင်ဝံသ၊ ဒေါက်တာအောင်ကိုကို(စီးပွားရေးပညာ၊ စီးပွားရေးပေါ်လစီ)၊ ရဲမြင့်သိန်းတို့၏ လေ့လာမှတ်သားဖွယ်ရာ ဆောင်းပါးများကို ဖော်ပြထားသည်။

ထို့အပြင် ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ "ရွေးကောက်ပွဲဝင်မည့်ပါတီများနှင့် ယှဉ်ပြိုင်မည့် နေရာများ (ကရင်ပြည်သူ့ပါတီ၊ အမျိုးသားနိုင်ငံရေးမဟာမိတ်များ အဖွဲ့ချုပ်၊ ခေတ်သစ်ပြည်သူ့ပါတီ)"နှင့် "မောင်စူးစမ်း၏ ပုံသဏ္ဌာန်နှစ်မျိုးသို့ ပြောင်းလဲခြင်း" ဆောင်းပါးတို့ကို ဖော်ပြထားသည်။

မြန်မာပို့စ်ဂျာနယ်တွင် ဖော်ပြနေကျဖြစ်သည့် ပြည်တွင်း ပြည်ပနိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ အနုပညာနှင့် ဖျော်ဖြေရေးသတင်းများ၊ နိုင်ငံတကာအားကစား၊ ကမ္ဘာတစ်လွှား ထူးထူးခြားခြားဖြစ်ရပ်များ စသည့်ကဏ္ဍများကို ဝေဝေဆာဆာ ဖော်ပြထားသည်။

ထို့အပြင် "အီးယူ-အာဆီယံ လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက် ရရှိပါက မြန်မာ့စီးပွားရေးကို အကျိုးသက်ရောက်မှုရှိနိုင်"၊ "ဘင်္ဂလားဒေ့ရှ်-မြန်မာ-တရုတ်သုံးနိုင်ငံ ကားလမ်းနှင့် ရထားလမ်း စစ်တကောင်းမှ မြန်မာနိုင်ငံကိုဖြတ်ကာ ကူမင်းအထိဖောက်လုပ်မည်"၊ "၃၃ မြို့နယ်တွင် ကွန်ကရစ်လမ်း ၅၆၁ လမ်း ခင်းပေးမည်၊ ကွန်ကရစ်လမ်းပေါင်း ၁၁၀ ခင်းပြီးဖြစ်"၊ "ဟိုတယ်များက ဝါကျွတ်မင်္ဂလာပွဲအတွက် ဆွဲဆောင်မှုအမျိုးမျိုးဖြင့် ဈေးကွက်ယှဉ်ပြိုင်လျက်ရှိ၊ Chatrium Dream Wedding Fair 2010 ကို အောက်တိုဘာ ၁၆ ရက်တွင် မော်ဒယ် ၁၅၀ က နာမည်ကျော်ဒီဇိုင်နာများ၏ ဝတ်စုံလက်ရာများ ဝတ်ဆင်ပြသမည်"၊ "ဝါကျွတ်ကာလမှာ အထူးအစီအစဉ်တွေနဲ့ မင်္ဂလာမောင်နှံတွေအတွက် ဒီဇိုင်းလှလှ ဖန်တီးပေးကြမယ့် ဒီဇိုင်နာတို့ရဲ့ စကားသံများ" စသည့် စိတ်ဝင်စားဖွယ်သတင်းများ ပါရှိသည်။

(သတင်းစဉ်)

မော်လမြိုင် အထက (၉)၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

ရန်ကုန် စက်တင်ဘာ ၅

မွန်ပြည်နယ် ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် မော်လမြိုင်မြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့က ကြီးမှူးကျင်းပသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၇ ရက်တွင် မော်လမြိုင်မြို့နယ် ပန်းဘဲတန်းရပ်ကွက် အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်းရှိ ဦးသာညွှန့်ခမ်းမခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာလှလှမော်က အမှာစကားပြောကြားပြီး ပြည်နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဝင် ယာဉ်ထိန်း(တာဝန်ခံ) ဒုတိယရဲမှူးမြင့်အေးက မွန်ပြည်နယ် ၁၀ မြို့နယ်အတွင်း ၂၀၀၇ မှ ၂၀၁၀ ခုနှစ် ဇူလိုင်လကုန်ထိ ယာဉ်မတော်တဆဖြစ်ပွားမှုများကို နှိုင်းယှဉ်ဖော်ပြ၍ သေဆုံး/ဒဏ်ရာရမှုအခြေအနေများ၊ ယာဉ်တိုက်မှုဖြစ်စဉ်များနှင့် ယာဉ်အန္တရာယ်ကင်းဝေးပြီး ထိခိုက်ဒဏ်ရာရ၊ သေဆုံးမှုများလျော့နည်းကျဆင်းရေးတို့ကို လည်းကောင်း၊ ဒုတိယရဲအုပ်အောင်နိုင်က စက်ဘီးစီးသူများနှင့် ခြေကျင်လျှောက်သူများ လိုက်နာရမည့် စည်းကမ်းချက်များ၊ ဆိုင်ကယ်စီးသူများလိုက်နာရမည့် စည်းကမ်းချက်များနှင့် လက်အချက်ပြစနစ်များကို လည်းကောင်း ရှင်းလင်းဟောပြောကြသည်။

ထို့နောက် ယာဉ်ထိန်း (တာဝန်ခံ) ဒုတိယရဲမှူးမြင့်အေးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဇာတ်လမ်းဗွီစီဒီနှင့် လက်ကမ်းစာစောင်များကို ကျောင်းအုပ်ဆရာမကြီးထံပေးအပ်ပြီး ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယဦးစီးမှူး(ဈေး) ဦးသန်းမြင့်စိုးနှင့် ကျန်းမာရေးမှူး(၂) ဦးညဏ်လင်းမောင်တို့ ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်း၍ အဖွဲ့ပိုင်ဈေးများတွင် အိုင်အိုဒင်းဆား အရည်အသွေးစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၆-၉-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ မိုးကုတ်ဆရာတော်ကြီး၏ထေရုပ္ပတ္တိ-ဘာရနက္ခေပနံ. . . သုခံ (အချမ်းသာဆုံးချမ်းသာစစ်) (အပိုင်း-၁)
၇း၂၀ ၄။ ဓမ္မပူဇာတေး
၇း၂၅ ၅။ မျိုးချစ်တပ်မတော်
၇း၃၀ ၆။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇း၃၅ ၇။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၂။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၃။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄း၂၅ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅ ၅။ မျိုးချစ်တပ်မတော်
၄း၄၅ ၆။ စိုက်ပျိုးသုတ
၄း၅၅ ၇။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၂၀ ၈။ ဗွီစီဒီကျော်ကြားတေးများ
၅း၃၀ ၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း-မိုးသောက်ကြယ် (အပိုင်း-၁၅)**
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
၆း၄၀ ၁၃။ သံစဉ်လမ်းကလင်းလက်ကြယ်
၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း-ကြယ်စင်ညီအစ်မများ (အပိုင်း-၃)**
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ နိုင်ငံတကာသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ Talk Of The Town
၂၀။ မေးမြန်းစူးစမ်း
၂၁။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း-ပဥ္စလက်ပုံရိပ် (အပိုင်း-၁၁)**
၂၃။ Mini Series
၂၄။ သင့်အတွက်မနက်ဖြန်
၂၅။ အပိတ်နှုတ်ဆက်စကား
၂၆။ ပြီးပါပြီ။

၂၀၁၁ ခုနှစ်လွန်သည့်တိုင် အီရတ်၌ အမေရိကန်တပ်ဖွဲ့များ ဆက်ထားရဖွယ်ရှိ

ဝါရှင်တန် စက်တင်ဘာ ၅

ဂိုဏ်းဂဏကွဲအုပ်စုများအကြား ပဋိပက္ခကိုတားဆီးရန်နှင့် အတွေ့အကြုံနည်းပါးသော အီရတ်စစ်လုံခြုံရေးတပ်ဖွဲ့များ၏ အရည်အသွေးကိုမြှင့်တင်ပေးရန် အမေရိကန်နိုင်ငံသည် ၎င်း၏ တပ်ဖွဲ့ဝင်ထောင်ပေါင်းများစွာကို ၂၀၁၁ ခုနှစ် လွန်သည့်တိုင်အောင် ဆက်လက်ထားရှိရန် လိုအပ်ဖွယ်ရှိကြောင်း ကျွမ်းကျင်သူများက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

အတွေ့အကြုံနည်းပါးသော အီရတ်တပ်ဖွဲ့ဝင်များကို နည်းပညာအရ ထောက်ပံ့ကူညီမှုများပြုလုပ်ပေးနိုင်ရန် အမေရိကန်တပ်ဖွဲ့များ အီရတ်၌ ဆက်လက်ထားရှိရေးမှာ သေချာသလောက်နီးပါးဖြစ်ကြောင်း အမေရိကန်အစိုးရ တာဝန်ရှိသူတစ်ဦးက သီးခြားမှတ်ချက်ချခဲ့သည်။

အီရတ်တပ်ဖွဲ့များသည် လက်ရှိအချိန်ထိတိုင် အထောက်အပံ့၊ လေကြောင်းအင်အား၊ စစ်လက်နက်ပစ္စည်းနှင့် နည်းပညာပိုင်းအရ အမေရိကန်နိုင်ငံအပေါ် အဓိကမှီခိုနေရဆဲဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

အီရတ်ရှိ အမေရိကန်တပ်ဖွဲ့များအားလုံးကို ၂၀၁၁ ခုနှစ်တွင် ရုပ်သိမ်းရန် အမေရိကန်အစိုးရက ဆုံးဖြတ်ထားသော်လည်း အီရတ်ပြည်တွင်းရေးကို ထိန်းသိမ်းရာတွင် အီရတ်တပ်ဖွဲ့များကို ကူညီရန်နှင့် ၎င်းတို့အား နည်းပညာပိုင်းအရ အကြံပေးထောက်ပံ့နိုင်ရန် အမေရိကန်တပ်ဖွဲ့ဝင် ၁၀၀၀၀မျှ ဆက်လက်ထားရှိရဖွယ်ရှိကြောင်း လေ့လာသူများက ဆိုသည်။

အေအက်ဖ်ပီ။

နိုင်ငံတကာ စစ်ချီတေးဂီတပွဲတော်

ရုရှားနိုင်ငံ မော်စကိုမြို့ ရင်ပြင်နီတွင် စက်တင်ဘာ ၄ ရက်က ကျင်းပသော နိုင်ငံတကာ စစ်ချီတေးဂီတပွဲတော်ဖွင့်ပွဲ အခမ်းအနားတွင် အမေရိကန်ပြည်ထောင်စု စစ်ချီတေးဂီတအဖွဲ့ ပါဝင်တင်ဆက်စဉ်။ (ဓာတ်ပုံ-ဆင်ဟွာ)

အာဖဂန်တွင် ပြန်ပေးဆွဲခံရသော ဂျပန်သတင်းစာဆရာ ပြန်လည်လွတ်မြောက်

ကန်ဒုဟ် စက်တင်ဘာ ၅

အာဖဂန်နစ္စတန်နိုင်ငံတွင် ဧပြီလအတွင်းက တာလီဘန်တို့၏ ပြန်ပေးဆွဲခြင်းခံခဲ့ရသော ဂျပန်သတင်းစာဆရာတစ်ဦးသည် ပြန်လည်လွတ်မြောက်လာပြီဖြစ်ကြောင်း ကန်ဒုဟ်ပြည်နယ်တာဝန်ရှိသူတစ်ဦးက စက်တင်ဘာ ၅ ရက်တွင် ပြောကြားသည်။

တီဆူနီအိုကာအမည်ရှိ ဂျပန်သတင်းစာ ဆရာသည် စနေနေ့က ပြန်လည် လွတ်မြောက်ခဲ့ခြင်းဖြစ်ပြီးယခုအခါကဘူးမြို့ရှိ ဂျပန်သံရုံးသို့ ရောက်ရှိနေပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

တီဆူနီအိုကာသည် အာဖဂန်နစ္စတန်နိုင်ငံသို့ မတ်လလယ်က ရောက်ရှိခဲ့ပြီး တာဂျီကစ္စတန်နယ်စပ်အနီး ကန်ဒုဟ်မြို့တွင် ပျောက်ဆုံးခဲ့ခြင်းဖြစ်သည်။ ၎င်းဂျပန်သတင်းစာဆရာကို မိမိတို့အဖွဲ့က ပြန်ပေးဆွဲခဲ့ခြင်းဖြစ်ကြောင်း တာလီဘန်စစ်သွေးကြွအဖွဲ့က ပြောကြားခဲ့သည်။

ဂျပန်သတင်းစာဆရာ ပြန်လွတ်ရေးအတွက် ပြန်ပေးရွေးငွေ ပေးခဲ့ရဖွယ်ရှိကြောင်း ကန်ဒုဟ်ပြည်နယ် တာဝန်ရှိသူတစ်ဦးက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ပင်လယ်မှ ကုန်းမြေသစ်များ ဖော်ထုတ်ရေး ကျွန်းဆက်တာများ ဘင်္ဂလားဒေ့ရှ်တည်ဆောက်မည်

ဒါကာ စက်တင်ဘာ ၅

လာမည့်ငါးနှစ်အတွင်း ပင်လယ်ပြင်မှ ကုန်းမြေအကျယ်အဝန်း စတုရန်းမိုင် ၂၃၀ ဖော်ထုတ်နိုင်ရေးအတွက် ကျွန်းဆက်တာများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံက တည်ဆောက်ရန် စီမံလျက်ရှိကြောင်း ဘင်္ဂလားဒေ့ရှ်တာဝန်ရှိသူများက စက်တင်ဘာ ၅ ရက်တွင် ပြောကြားသည်။

တာများကို မက်ဂ်နာမြစ်ဝရှိ ကျွန်းများအား ဆက်သွယ်တည်ဆောက်မည်ဖြစ်ပြီး ယင်းတာများကို အသုံးပြု၍ မြစ်များက သယ်ယူလာသည့်နုန်းနှစ်တန်ချိန် သန်းရာပေါင်းများစွာကို ထိန်းသိမ်းထားနိုင်မည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

ဒေါ်လာ ၁၈ သန်း

အဆိုပါ စီမံကိန်းသည် အမေရိကန်ဒေါ်လာ ၁၈ သန်းသာ ကုန်ကျမည်ဖြစ်ပြီး ကျွန်းဆက်တာများက မြစ်အနည်ကျမှုဖြစ်စဉ်ကို ပိုမိုမြန်ဆန်စေလိမ့်မည်ဖြစ်ပြီး ဒီရေအတက်အကျကိုလည်း ထိန်းချုပ်နိုင်မည်ဖြစ်သည်။ ယင်းအပြင် ကျွန်းဆက်တာများက မြစ်များ သယ်ဆောင်လာသော အနည်အနှစ်များကို ပင်လယ်တွင်းသို့ အလဟဿ စီးဆင်းနေခြင်းကို ကာကွယ်ပေးနိုင်မည်ဖြစ်သည်။

ဂင်္ဂါမြစ်နှင့် ဗြဟ္မပုတ္တာမြစ်များသည် ဘင်္ဂလားပင်လယ်အော်အတွင်းသို့ စီးဝင်ရောက်ခြင်းမရှိမီ ပေါင်းဆုံသွားကြသည်။ လေ့လာမှုများအရ ယင်းမြစ်နှစ်စင်းက ပို့ချသောအနည်အနှစ်များသည် နှစ်စဉ် တန်ချိန်တစ်ဘီလီယံကျော်မျှရှိသည်။

ကျွန်းဆက်တာများစီမံကိန်းပြီးမြောက်ပါက လာမည့်ငါးနှစ်အတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ပင်လယ်ပြင်မှ ကုန်းမြေသစ်ဧရိယာစတုရန်းမိုင် ၂၃၀ ဖော်ထုတ်ရရှိမည်ဖြစ်သည်။

အေအက်ဖ်ပီ။

ကော့ကေးဆပ်ဒေသရှိ ရုရှားစစ်စခန်း အသေခံဗုံးခွဲတိုက်ခိုက်ခံရ

ဘူအင်နက်ခ် စက်တင်ဘာ ၅။ ။စစ်သွေးကြွများထကြွလှုပ်ရှားရာ ဒါဂျက်စတန်ဒေသရှိ ရုရှားစစ်စခန်းတစ်ခုကို အသေခံကားဗုံးခွဲသမားတစ်ဦးက စက်တင်ဘာ ၁ ရက်တွင် ဗုံးခွဲတိုက်ခိုက်ခဲ့ရာ ရုရှားတပ်ဖွဲ့ဝင်ငါးဦးသေဆုံးပြီး အခြား ၃၂ ဦးဒဏ်ရာရရှိခဲ့ကြောင်း ရုရှားအာဏာပိုင်များကပြောကြားသည်။

အသေခံဗုံးခွဲသမားသည် ဖောက်ခွဲရေးပစ္စည်းများ အပြည့်တင်ဆောင်ထားသော ကားငယ်ကို မောင်းနှင်၍ စစ်စခန်းဂိတ်ဝကို တရကြမ်းဖြတ်သန်းကာ ရုရှားတပ်ဖွဲ့ဝင်များ ထားရှိရာနေရာသို့ ဦးတည်မောင်းနှင် ဖောက်ခွဲရန် ကြံရွယ်ခဲ့ကြောင်း သတင်းများတွင်ဖော်ပြသည်။

သို့ရာတွင် ရုရှားတပ်ဖွဲ့ဝင်များက ၎င်းကို တားဆီးပစ်ခတ်ခဲ့ရာ အသေခံဗုံးခွဲသမား မောင်းနှင်လာသောယာဉ်သည် ရုရှားစစ်ဘက်ယာဉ်တစ်စီးကို ဝင်တိုက်ကာ ယင်းနေရာ၌ပင် ပေါက်ကွဲခဲ့ကြောင်းသိရသည်။ ယင်းအပြင် အခင်းဖြစ်ပွားပုံကို စစ်ဆေးစုံစမ်းမည့်သူများအား တင်ဆောင်လာသောမော်တော်ယာဉ်ကိုလည်း လမ်းဘေးဗုံးဖောက်ခွဲတိုက်ခိုက်ခဲ့ကြောင်း သိရသည်။ သို့ရာတွင် အဆိုပါလမ်းဘေးဗုံးပေါက်ကွဲမှုတွင် ထိခိုက်ဒဏ်ရာရသူမရှိခဲ့ပေ။

ယခုဖြစ်ပွားခဲ့သော အသေခံကားဗုံးခွဲတိုက်ခိုက်မှု မတိုင်ခင် လွန်ခဲ့သည့် ၁၁ နှစ်က ဒါဂျက်စတန်ဒေသ ဘူအင်နက်ခ်မြို့၌ အသေခံကားဗုံးခွဲမှုတစ်ရပ် ဖြစ်ပွားခဲ့ဖူးပြီး လူ ၆၄ ဦးသေဆုံးခဲ့ရသည်။

အေပီ။

ကော့ကေးဆပ်ဒေသရှိ ရုရှားစစ်စခန်း အသေခံကားဗုံးခွဲ တိုက်ခိုက်ခံခဲ့ရပြီးနောက် တွေ့ရစဉ်။ *(ဓာတ်ပုံ - အေပီ)*

ဒေါ်လာငွေစက္ကူများ အပြည့်ထည့်ထားသည့် တိုင်ကီနှစ်လုံး အယ်လ်ဆာဗေဒိုး၌ တွေ့ရှိ

စန်ဆာဗေဒို ဩဂုတ် ၅

မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်ခြင်းမှ ရရှိခဲ့ခြင်းဖြစ်ဖွယ်ရှိသည့် ဒေါ်လာသန်းပေါင်းများစွာ အပြည့်ထည့်ထားသည့် မြေတွင် မြှုပ်ထားသော တိုင်ကီနှစ်လုံးကို အယ်လ်ဆာဗေဒိုနိုင်ငံ ရဲတပ်ဖွဲ့က တွေ့ရှိခဲ့ကြောင်း အာဏာပိုင်များက စနေနေ့တွင် ကြေညာသည်။

စန်ဆာဗေဒိုမြို့တော်မှ မိုင် ၄၀ ခန့်ဝေးသော ပီနီတင်တီအဘာဂျိမြို့ရှိ စိုက်ပျိုးမွေးမြူရေးခြံကြီးတစ်ခုအတွင်း၌ ပထမတိုင်ကီ တစ်လုံးကို ကြာသပတေးနေ့တွင် တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ဒေါ်လာ ကိုးသန်း

ယင်းတိုင်ကီအတွင်း၌ ထည့်ထားသော ဒေါ်လာ ၁၀၀ တန်၊ ၅၀တန်၊ ၂၀ တန် အထုပ်များကို သုံးရက်ကြာမျှ ရေတွက်ပြီးသည့်အခါ အမေရိကန်ဒေါ်လာကိုးသန်းခန့်ရှိကြောင်း တွေ့ရှိရသည်ဟု ဆိုသည်။ အမေရိကန်ဒေါ်လာသည် အယ်လ်ဆာဗေဒိုနိုင်ငံ၏ တရားဝင်ငွေကြေးတစ်ရပ်ဖြစ်သည်။

ပထမတိုင်ကီတွေ့ရှိသောနေရာမှ ငါးကိုက်မျှဝေးသောနေရာတွင် ဒုတိယတိုင်ကီကို စက်တင်ဘာ ၄ ရက်တွင် တွေ့ရှိခဲ့သည်။ ယင်းစည်အတွင်း၌လည်း ဒေါ်လာငွေစက္ကူများ အပြည့် ထည့်ထားသည်ကို တွေ့ရပြီး စတင်ရေတွက်လျက်ရှိသည်။

အဆိုပါဒေသ၌ နေထိုင်သူများက ပုံမှန်မဟုတ်သော လှုပ်ရှားမှုများကို ဒေသတွင်း၌ မကြာခဏတွေ့မြင်ခဲ့ရကြောင်း သတင်းပို့ခဲ့ကြသည်ဟု ရှေ့နေချုပ်ရုံးက ပြောသည်။

အေပီ။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ စစ်ဌာနချုပ်တစ်ခု အသေခံကားဗုံးခွဲတိုက်ခိုက်ခံရ

ဘဂ္ဂဒက် စက်တင်ဘာ ၅။ ။အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ စစ်ဌာနချုပ်တစ်ခုကို စစ်သွေးကြွများက စက်တင်ဘာ ၅ ရက်တွင် အသေခံ ကားဗုံးခွဲ တိုက်ခိုက်ခဲ့ပြီး ယင်းအဆောက်အအုံတွင်းသို့ ဝင်ရောက်နိုင်ရန် တိုက်ပွဲတစ်ရပ်ဆင်နွှဲခဲ့ရာ လူ ၁၂ ဦး သေဆုံး၍ ၃၆ ဦးဒဏ်ရာရရှိခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ကားဗုံးပေါက်ကွဲပြီးနောက် ဘဂ္ဂဒက်မြို့လယ်ရှိ အီရတ်စစ်ဌာနချုပ် အဆောက်အအုံအစောင့်တပ်ဖွဲ့ဝင်များနှင့် စစ်သွေးကြွများအကြား ၁၅ မိနစ်ကြာ တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း အီရတ်ရဲတပ်ဖွဲ့တာဝန်ရှိသူများက ပြောကြားသည်။

စစ်သွေးကြွသေနတ်သမားအချို့သည် အသေခံဗုံးခွဲဝတ်စုံများဝတ်ဆင်ထားကြပြီး ကားဗုံးခွဲတိုက်ခိုက်ပြီးနောက် အသေခံဗုံးခွဲတိုက်ခိုက်မှုများပြုလုပ်ရန် အားထုတ်ခဲ့ကြကြောင်း အီရတ် ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အသေခံဗုံးခွဲသမားများသည် စစ်ဌာနချုပ် အဆောက်အအုံ ဝင်ပေါက်ဆီသို့ ခြေကျင်လျှောက်လာကြခြင်းဖြစ်ပြီး ၎င်းတို့ အသေခံဗုံးခွဲတိုက်ခိုက်ခြင်းမပြုနိုင်မီ လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်ဦးမှုရယူပစ်ခတ်ခဲ့သည်။ ဒဏ်ရာရရှိသူ စစ်သွေးကြွတစ်ဦးကို ဖမ်းဆီးမိခဲ့ပြီး ၎င်းအား တရားစွဲဆိုသွားမည်ဖြစ်သည်။

စက်တင်ဘာ ၅ ရက်က တိုက်ခိုက်ခံခဲ့ရသော စစ်ဌာနချုပ် အဆောက်အအုံသည် အီရတ်လုံခြုံရေးတပ်ဖွဲ့ တပ်မဟာ (၁၁) ၏ ဌာနချုပ်အဆောက်အအုံဖြစ်ပြီး တပ်သားစုဆောင်းရေးစခန်းလည်းဖြစ်သည်။

အေပီ။

လိုရင်း တိုရှင်း ကမ္ဘာ့ သတင်းများ

စက်တင်ဘာ ၅ ၊ ၂၀၁၀

အာရှ-ပစိဖိတ်

အင်ဒိုကမ်းလွန်၌ ဂျပန်သင်္ဘောဓားပြတိုက်ခံရ

အင်ဒိုနီးရှားနိုင်ငံ အနမ်ဘတ်စ်ကျွန်း ကမ်းလွန်၌ ခုတ်မောင်းနေသော ဂျပန်ဓာတုပစ္စည်းတင် သင်္ဘောတစ်စင်းသည် စက်တင်ဘာ ၅ ရက်က ပင်လယ်ဓားပြများ၏ တိုက်ခိုက်မှုခံခဲ့ရပြီး ငွေများလုယက်ခံခဲ့ရကြောင်းသိရသည်။ ကျိုတိုသတင်းဌာန၏ အဆိုအရ ဓားများကိုင်ဆောင်ထားသော ပင်လယ်ဓားပြနှစ်ဦးသည် သင်္ဘောပေါ်သို့ တက်ရောက်လာပြီး ငွေများလုယက်ခဲ့ပြီးပြန်လည်ထွက်ခွာသွားသည်ဟု ဆိုသည်။

အဘူဆေယက်ဖ်စစ်သွေးကြွခေါင်းဆောင်သေဆုံး

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း၌ စက်တင်ဘာ ၅ ရက်က အထူးရဲတပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်မှုကြောင့် အဘူဆေယက်ဖ်စစ်သွေးကြွအဖွဲ့ခေါင်းဆောင်တစ်ဦးနှင့် အခြားစစ်သွေးကြွနှစ်ဦး သေဆုံးခဲ့သည်။ အဘူဆေယက်ဖ် စစ်သွေးကြွ ခေါင်းဆောင်သည် ပြီးခဲ့သည့်နှစ်က ကမ္ဘာ့ကြက်ခြေနီအဖွဲ့ ဝန်ထမ်းများကို ပြန်ပေးဆွဲရာတွင် ပါဝင်ပတ်သက်သူဖြစ်သည်။

လက်တင်အမေရိက

ဘာဘေးဒိုးစ်ဓားပြမှု လူခြောက်ဦးသေ

ဘာဘေးဒိုးစ်နိုင်ငံ ဘရစ်ဂျ်တောင်းမြို့ရှိ အဝတ်အထည်ဆိုင်တစ်ဆိုင်ကို ဓားပြများဝင်ရောက်စီးနင်း၍ မီးရှို့ခဲ့ခြင်းကြောင့် အနည်းဆုံးလူခြောက်ဦးသေဆုံးခဲ့ရကြောင်း ဘာဘေးဒိုးစ် ရဲတပ်ဖွဲ့က စနေနေ့တွင် ပြောသည်။ ဓားပြများသည် ဆိုင်ကိုမီးရှို့ခြင်း မပြုမီငွေများကို အဓမ္မလုယက်ခဲ့ကြောင်းသတင်းတွင်ဖော်ပြသည်။

တောင်အာရှ

လူထောင့်သန်းရောဂါဘင်္ဂလားဒေ့ရှ်၌ပျံ့နှံ့

ဘင်္ဂလားဒေ့ရှ်အစိုးရသည် ဒေသအများအပြားတွင် လူထောင့်သန်းရောဂါကူးစက်ပျံ့နှံ့မှုများဖြစ်ပွားပြီးနောက် နိုင်ငံတစ်ဝန်းလုံးသို့ အနီရောင်အဆင့်သတိပေးမှုအဖြစ် အမြင့်ဆုံးတပ်လှန့်လိုက်ကြောင်း တနင်္ဂနွေနေ့က ထုတ်ဖော်ကြေညာသည်။

အရှေ့အလယ်ပိုင်း

အီရန်ဝေဖန်မှု ပါလက်စတိုင်းတုံ့ပြန်

အစ္စရေး-ပါလက်စတိုင်းတိုက်ရိုက်ငြိမ်းချမ်းရေးဆွေးနွေးပွဲနှင့် ပတ်သက်၍ အီရန်သမ္မတအမာဒီနီဂျက်ဒ်၏ ဝေဖန်မှုကို ပါလက်စတိုင်း အာဏာပိုင်အဖွဲ့က စက်တင်ဘာ ၄ ရက်တွင် ပြန်လည်တုံ့ပြန်ရာ၌ တီဟီရန်သည် ပါလက်စတိုင်းလွတ်မြောက်ရေးအဖွဲ့(ပီအယ်လ်အို)၏ လုပ်ပိုင်ခွင့်များနှင့် စပ်လျဉ်း၍ မေးခွန်းထုတ်စရာမလိုကြောင်း ပါလက်စတိုင်းသမ္မတ မာမွတ်အက်ဘတ်စ်က ပြောကြားသည်။

အာဖရိက

ရေဒီယိုသတင်းထောက်အသတ်ခံရ

ဆိုမာလီနိုင်ငံရှိ ပူးတွဲကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပန့်လန်းတွင် အင်္ဂါနေ့ညက အသက် ၂၅ နှစ်အရွယ် ရေဒီယိုသတင်းထောက်တစ်ဦးဓားဖြင့် ထိုးသတ်ခံရကြောင်း ဒေသဆိုင်ရာရေဒီယိုဝက်ဘ်ဆိုက်နှင့် အမျိုးသားသတင်းစာဆရာ အစည်းအရုံးက သတင်း ထုတ်ပြန်လိုက်ရာ ရစ်ရက်အတွင်း ဒုတိယမြောက် အသတ်ခံရ သည့် သတင်းသမားတစ်ဦးဖြစ်လာသည်။ ဩဂုတ် ၂၄ ရက်က လည်း မိုဂါဒစ်ရှူးတွင် အသံလွှင့်သတင်းသမား တစ်ဦး လုပ်ငန်းခွင်၌ သေနတ်ဖြင့် ပစ်သတ်ခံခဲ့ရသည်။

တစ်ပတ်အတွင်း နိုင်ငံတကာ သတင်းရှုခင်း

သံသယပုံရိပ်များအောက်မှ ဂျူး-ပါလက်စတိုင်းငြိမ်းချမ်းရေး ခြေလှမ်းများ

“ဝန်ကြီးချုပ်ကြီးနဲ့ သမ္မတကြီးတို့ရှင်၊ ဒီပဋိပက္ခကို နိဂုံးချုပ်ပေးဖို့နဲ့ ဆယ်စုနှစ်များစွာကြာအောင် ရန်ဘက်ဖြစ်ခဲ့ကြတဲ့ အစ္စရေးနဲ့ ပါလက်စတိုင်းပြည်သူတွေရဲ့ အမုန်းကို အဆုံးသတ်ပေးဖို့ဆိုတဲ့ အခွင့်အလမ်းဟာ ဒီကနေ့ ရှင်တို့နှစ်ယောက်စလုံး ဆီကို ရောက်ရှိနေပါပြီ”

နှုတ်ဆက်အပြုံး။

ဝန်ကြီးချုပ်ကြီးလို့ ရည်ညွှန်းခံရသူက အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု၊ သမ္မတကြီးဆိုသူကတော့ ပါလက်စတိုင်းသမ္မတ မာမွတ်အက်ဘတ်စ်ဖြစ်ပြီး အထက်ပါစကားကို ပြောကြားသူက အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ စက်တင်ဘာ ၂ ရက် (ကြာသပတေးနေ့)က အစ္စရေးနဲ့ ပါလက်စတိုင်းခေါင်းဆောင်တွေဟာ နှစ်နှစ်တာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် နှစ်ဖက်တိုက်ရိုက်တွေ့ဆုံ ညှိနှိုင်းပွဲကို အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့တော်က အစိုးရအဖွဲ့ရုံးမှာ သမ္မတဘာရက်အိုဘားမားရဲ့ ကမကထပြုမှုနဲ့ ကျင်းပခဲ့ပါတယ်။

ဒီဆွေးနွေးပွဲရဲ့ ဦးတည်ချက်ကတော့ ၁၉၆၇ ခုနှစ်က အစ္စရေးတို့သိမ်းပိုက်ထားတဲ့ ပါလက်စတိုင်းဒေသတွေမှာ ဂျူးအခြေစိုက်အိမ်ရာတွေ တည်ထောင်နေမှုများကို ရပ်ဆိုင်းပေးဖို့နဲ့ လွတ်လပ်တဲ့ ဒီမိုကရက်တစ်ပါလက်စတိုင်းနိုင်ငံ ဖန်တီးတည်ထောင်ပြီး အစ္စရေးနိုင်ငံနဲ့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ဖို့ပဲဖြစ်ပါတယ်။ ဒီဦးတည်ချက်ကိုလည်း တစ်နှစ်အတွင်း အကောင်အထည်ဖော်ဖို့ဆိုတဲ့ ကာလသတ်မှတ်ချက်တစ်ရပ် ချမှတ်ထားပါတယ်။

ဒါပေမယ့် ဒီလိုအကောင်အထည်ဖော်ဖို့ဆိုတာ ရာစုနှစ်နဲ့ချီပြီး အမြစ်တွယ်နေတဲ့ ပြဿနာ (တစ်ချို့ ပြဿနာတွေဆိုရင် ထောင်စုနှစ်နဲ့ချီပြီး အမြစ်တွယ်နေတဲ့ ပြဿနာ)တွေ၊ ပိုင်နက်နယ်မြေကိစ္စ၊ လုံခြုံရေးဆိုင်ရာကိစ္စ၊ ဂျေရုဆလင်မြို့တော်ကိစ္စ၊ ဒုက္ခသည်များဆိုင်ရာကိစ္စ၊ အခြေချအိမ်ရာတွေကိစ္စစတဲ့ များပြားခက်ခဲရှုပ်ထွေးလှတဲ့ ပြဿနာတွေကို ဖြေရှင်းရမှာမို့လို့ ဖြစ်နိုင်ပါ့မလားလို့ သံသယရှိကြရုံသာမက မဖြစ်နိုင်ဘူးလို့ ဆန်းစစ်သုံးသပ်ကြသူတွေလည်း အများအပြားရှိကြပါတယ်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးကတော့ “ဒီကိစ္စတွေဟာ ဖြေရှင်းဖို့ လွယ်ကူမယ့်ကိစ္စတွေမဟုတ်သလို ထိုင်ကြည့်နေလို့လည်း သူ့ဘာသာပြေလည်သွားမယ့်ကိစ္စတွေ မဟုတ်ဘူး” လို့ ဆိုပါတယ်။ မစ္စစ်ကလင်တန်ရဲ့ အဆိုအတိုင်းပါပဲ မိမိတို့ဆောင်ရွက်ကြရမယ့် လုပ်ငန်းဆောင်တာတွေဟာ ခက်ခဲကြမ်းတမ်းမယ်ဆိုတာကို ဂျူးနဲ့ပါလက်စတိုင်းခေါင်းဆောင်နှစ်ဖက်စလုံးက ဝန်ခံအသိအမှတ်ပြုခဲ့ကြပါတယ်။

ဘယ်လိုအဖြေထွက်လာဦးမယ်ဆိုတာ မသိနိုင်သေးတဲ့ အစ္စရေး-ပါလက်စတိုင်း ဆွေးနွေးပွဲ ပြန်လည်စတင်ကျင်းပရာ ဝါရှင်တန်အစိုးရအဖွဲ့ရုံးထဲက အခန်းဆီကို နံနက် ၁၀ နာရီ မထိုးမီ ပါလက်စတိုင်းကိုယ်စားလှယ်အဖွဲ့ ရောက်လာပြီးနောက် မိနစ် ၂၀ အကြာမှာ အစ္စရေးကိုယ်စားလှယ်အဖွဲ့တွေ ရောက်လာတယ်။ ဂျူးနဲ့ပါလက်စတိုင်း ခေါင်းဆောင်ကြီးနှစ်ယောက်စလုံး အပြုံးကိုယ်စီဆောင်ထားကြတယ်။ မိနစ် ၉၀ ကြာတဲ့ ဆွေးနွေးပွဲအတွင်းမှာ နောက်လာမယ့် နှစ်ပတ်တစ်ခါ ဆွေးနွေးပွဲတွေအတွက် သံရေးတမန်ရေး စကားအခင်းအကျင်းတွေကို နှစ်ဖက်စလုံးက ပြောဆိုခဲ့ကြတယ်။ ဆွေးနွေးပွဲအပြီးမှာ **“တိုးတက်မှု”** ရရှိခဲ့ကြတယ်လို့ မီဒီယာတွေက ဖော်ပြကြပါတယ်။

ဆွေးနွေးပွဲအတွင်းမှာ ကာယကံရှင်တွေပြောကြားသွားတဲ့ အဓိကအချက်အလက်တွေကို ကြည့်မယ်ဆိုရင်-

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက **“စစ်မှန်တဲ့၊ ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးကို ရရှိဖို့ အပြန်အလှန် အနစ်နာခံ လိုက်လျောမှုတွေ နှစ်ဖက်စလုံးမှာ ရှိဖို့လိုတယ်”** ဆိုတဲ့ အချက်ကို အဓိက ပြောကြားသွားပြီး၊

ပါလက်စတိုင်းသမ္မတမာမွတ်အက်ဘတ်စ်က **“ဂျူးအခြေချ အိမ်ရာတွေ ဆောက်လုပ်မှုအားလုံး ရပ်ဆိုင်းပေးဖို့နဲ့ ဂါဇာကမ်းမြောင် ပိတ်ဆို့မှုကို အဆုံးသတ်ပေးဖို့”** တောင်းဆိုသွားခဲ့ပါတယ်။

» **ဆွေးနွေးပွဲအပြီးမှာ “တိုးတက်မှု” ရရှိတယ်ဆိုတာကလည်း နောက်ထပ်ဆွေးနွေးပွဲတွေ လုပ်ပါဦးမယ်ဆိုတာကို နှစ်ဖက်လုံးက ကတိကဝတ်ပြုခဲ့ကြတဲ့အတွက် အပြုသဘော ဆောင်တယ်လို့ မှတ်ချက်ပြုကြ** **«**

ဆွေးနွေးပွဲအပြီးမှာ **“တိုးတက်မှု”** ရရှိတယ်ဆိုတာကလည်း နောက်ထပ်ဆွေးနွေးပွဲတွေ လုပ်ပါဦးမယ်ဆိုတာကို နှစ်ဖက်လုံးက ကတိကဝတ်ပြုခဲ့ကြတဲ့အတွက် အပြုသဘောဆောင်တယ်လို့ မှတ်ချက်ပြုကြပြီး တိုးတက်မှုရရှိတယ်လို့ ဆိုတာပါ။

တကယ်တော့ အစ္စရေးမှာရော ပါလက်စတိုင်းမှာပါ မိမိတို့ကိုယ်စီအတွင်းမှာကို ဖြေရှင်းရဦးမယ့် ပြဿနာတွေနဲ့ပါ။ ပါလက်စတိုင်းဘက်မှာ ကြည့်မယ်ဆိုရင် ဂါဇာကမ်းမြောင်ကို ထိန်းချုပ်ထားတဲ့ ဟားမားစ်အဖွဲ့လိုမျိုး သဘောထားတင်းမာခက်ထန်သူတွေ၊ ဆွေးနွေးဖို့မလိုဘူး၊ စစ်တိုက်ဖို့ပဲ လိုတယ်လို့ ခံယူထားသူတွေ၊ အစ္စရေးနိုင်ငံရယ်လို့ တည်ရှိမှုကို အသိအမှတ်မပြုသူတွေရဲ့ အင်အားဟာ မသေးပါဘူး။

အစ္စရေးဘက်ကို ကြည့်မယ်ဆိုရင်လည်း လက်ရှိမျိုးဆက်တွေရဲ့ အဘိုးတွေ၊ အဖေတွေ အသက်နဲ့၊ သွေးနဲ့ရင်းပြီး တိုက်ခိုက်ခဲ့လို့ရထားတဲ့ နယ်မြေတွေကို ပြန်ပေးဖို့ မလိုဘူးလို့ သဘောထားရှိသူတွေ၊ သိမ်းပိုက်ထားတဲ့ နယ်မြေတွေထဲမှာ အခြေစိုက်နေထိုင်ဖို့ အိမ်ရာတွေကို ဆက်လက်တည်ထောင်ချင်သူတွေမနည်းပါဘူး။ ဒီလိုဆိုရင် အစ္စရေး-ပါလက်စတိုင်းငြိမ်းချမ်းရေးဟာ ဖြစ်မလာနိုင်တော့ဘူးလားလို့ မေးခွန်းထုတ်စရာရှိလာပါတယ်။

အကောင်းဘက်က ရှုမြင်ကြည့်မယ်ဆိုရင်တော့ လက်ရှိအစ္စရေးခေါင်းဆောင်တွေအနေနဲ့ အာရပ်ကမ္ဘာမှာ ထာဝရရန်သူအဝိုင်းခံနေရတဲ့ နိုင်ငံအဖြစ်ကနေ မိမိနိုင်ငံသူနိုင်ငံသားတွေရဲ့ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးကို အာမခံနိုင်တဲ့ ငြိမ်းချမ်းတဲ့နိုင်ငံအဖြစ်ကို လိုလားတဲ့ လက္ခဏာတွေပြသနေသလို ပါလက်စတိုင်းဘက်မှာလည်းပဲ နိုင်ငံမဲ့လူမျိုးဘဝနဲ့ ဆယ်စုနှစ်ပေါင်းများစွာ မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် ဒုက္ခသည်စခန်းတွေမှာပဲ ရှင်သန်နေထိုင်ခဲ့ကြရတဲ့ဘဝကနေ အချုပ်အခြာအာဏာပိုင် လွတ်လပ်တဲ့ ပါလက်စတိုင်းနိုင်ငံဆိုတဲ့အိပ်မက်ကို အကောင်အထည်ဖော်လိုတဲ့သူတွေက ခေါင်းဆောင်နေကြတာဖြစ်ပါတယ်။

ဒါကြောင့် လက်ရှိအစ္စရေးနဲ့ ပါလက်စတိုင်းခေါင်းဆောင်တွေရဲ့ ရည်မှန်းချက်ဟာ သူတို့ရဲ့နောက်က ပြည်သူတွေရဲ့ တစ်ခဲနက်သော ထောက်ခံချက်နဲ့ ပူးပေါင်းပါဝင်မှုတွေကိုပါ ရရှိမယ်ဆိုရင်တော့ ကြီးမားရှုပ်ထွေးနက်ရှိုင်းတဲ့ အခက်အခဲပြဿနာများ ရှိတယ်ဆိုသော်ငြား မျှော်မှန်းထားတဲ့ ပန်းတိုင်ကို ရောက်သွားနိုင်တယ်လို့လည်း ဆိုနိုင်ကောင်းပါရဲ့။

အနောက်တိုင်းစကားပုံတစ်ခုကို ညွှန်းရမယ်ဆိုရင်ဖြင့် “မိုးတိမ်တိုင်းမှာ ငွေရောင်အနားသပ်တွေရှိတယ်” လို့ ဆိုထားတယ်မဟုတ်ပါလား။

အဲမွန်ဒြာ

ဂွါတီမာလာ၌ မြေပြိုမှုများဖြစ်ပွား၍ သေဆုံးသူ ၃၈ ဦးထိရှိ

ဂွါတီမာလာနိုင်ငံတွင် ဖြစ်ပွားခဲ့သော မြေပြိုမှုတစ်ခုကို တွေ့ရစဉ်။

နာဟွာလာ စက်တင်ဘာ ၅

ဂွါတီမာလာနိုင်ငံ အနောက်ပိုင်း၌ စက်တင်ဘာ ၄ ရက်က မိုးအဆက်မပြတ်သည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုကျမှုနှစ်ကြိမ်ဖြစ်ပွားရာ သေဆုံးသူ အရေအတွက် ၃၈ ဦးထိ တိုးလာကြောင်း သတင်းများတွင် ဖော်ပြသည်။

ဂွါတီမာလာ သမ္မတ အယ်လ်ဗာဂိုကို လွန်က အရေးပေါ်အခြေအနေကြေညာခဲ့ပြီးနောက် အဝေးပြေးလမ်းများကို ယာဉ်အသွားအလာ မလုပ်ရန် ပိတ်ထားခဲ့ကြောင်း သိရသည်။

ဂွါတီမာလာနိုင်ငံတစ်ဝန်း၌ ၁၁-အီး အပူပိုင်းမုန်တိုင်းသည် ရက်ပေါင်းများစွာ တိုက်ခတ်ခဲ့ရာ အဝေးပြေးလမ်းများ ပျက်စီးခဲ့ရသည်။ မြေပြိုမှုများနေရာအနှံ့ ဖြစ်ပွားလျက်ရှိပြီး လူထောင်ပေါင်းများစွာကို အာဏာပိုင်များက လုံခြုံရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။ ပြည်သူများအား အပြင်သို့မထွက်ဘဲ အိမ်တွင်း၌သာ နေကြရန်လည်း သတိပေးထားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အပျော်တမ်း အိမ်လုပ်ဒုံးပျံ လွှတ်တင်မည့်အကြံ မအောင်မြင်

ကိုပင်ဟေဂင် စက်တင်ဘာ ၅

ဒိန်းမတ်နိုင်ငံသား အပျော်တမ်းဒုံးပျံ တည်ဆောက်သူ လူငယ်နှစ်ဦးသည် ၎င်းတို့၏ အိမ်လုပ်ဒုံးပျံကို အာကာသအတွင်းသို့ လွှတ်တင်ရေးအတွက် စတာလင်ပေါင် ၃၅၀၀၀တန် ကနဦးစီမံကိန်းမှာ မအောင်မမြင်ဖြစ်ခဲ့ရကြောင်း စက်တင်ဘာ ၅ ရက် သတင်းများတွင် ဖော်ပြသည်။

၎င်းတို့၏ ဒုံးပျံကို ဘောလ်တစ်ပင်လယ် ဘွန်ဟောကျွန်းအနီးရှိ တွဲရေယာဉ်တစ်ခုပေါ်မှ လွှတ်တင်ရန် ကြိုးစားခဲ့ကြသော်လည်း လျှပ်စစ်ပိုင်းဆိုင်ရာ ချွတ်ယွင်းချက်ကြောင့် အောင်မြင်မှုမရခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။ ၎င်းတို့နှစ်ဦးက အကြံအစည်ကို လက်လျှော့ခြင်းမရှိသေးဘဲ ထပ်မံကြိုးစားမည်ဟု ဆိုသော်လည်း မည်သည့်အချိန်တွင် လွှတ်တင်မည်ကို ပြောကြားခြင်းမရှိပေ။

အင်တာနက်။

ပန်းတွေပျိုးမည့် မိုးစက်ပွင့်များ

မင်းပေဒါ(ပွင့်ဖြူ)

မြင့်မားသောတောင်တန်းများ၊ ရှည်လျားသော မြစ်ချောင်းများ၊ စိမ်းစိုသော သစ်တောများ၊ ကျယ်ပြော သော မြက်ခင်းလွင်ပြင်များဖြင့် သဘာဝတောတောင် ရေမြေသည် မည်မျှပင်ထည်ဝါစေကာမူ ပန်းများမပွင့်၊ ရနံ့ မသင်းလျှင် တင့်တယ်လှပမည်မဟုတ်ပေ။ ထိုနည်းတူစွာ နိုင်ငံတစ်နိုင်ငံ၌ နိုင်ငံရေးဖြစ်စဉ်နှင့် စီးပွားရေး တိုးတက် မှုများ မည်မျှ Change ၍ မည်မျှပြောင်းလဲစေကာမူ ယဉ်ကျေးမှုအနုပညာပန်းများ မပွင့်လန်းလျှင် နိုင်ငံဂုဏ် တင့် လူမျိုးမြင့်နိုင်မည်မဟုတ်ပေ။ တောတောင်ရေမြေ တည်ရှိမှုသည် ပဓာနဆိုသော်လည်း နံ့သာကြိုင်ပျံ့ ပန်းဆင်းလှလှများပွင့်မှသာ ဤတော ဤတောင်သည် နေချင့်စဖွယ် ပသာဒဖြစ်ပေမည်။ ထိုကဲ့သို့ပင် နိုင်ငံ တည်ဆောက်ရေးတွင် နိုင်ငံရေး၊ စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုများသည် ပဓာနဖြစ်သော်လည်း အမျိုးသား ယဉ်ကျေးမှုထွန်းကားပြန့်ပွားခြင်းနှင့် အရှည်တည်တံ့မှု သည်သာ ဤရေ၊ ဤမြေ၊ ဤလူ့အဖွဲ့အစည်း၏ ထာဝရ အလှတရားများဖြစ်ပေသည်။ ထို့ကြောင့်ပင် "ယဉ်ကျေး မှုအစစ် လူ့အနှစ်"ဟု ဆိုရိုးပြုခဲ့ကြသည်မဟုတ်လော။

မြန်မာ့လူ့အဖွဲ့အစည်း၏ လောကဥယျာဉ်ကြီးတွင် ယဉ်ကျေးမှုအနုပညာပန်းများ ပွင့်လန်းကာ ရနံ့မွှေးကြိုင် စွာဖြင့် အစဉ်သဖြင့် ဂုဏ်တင့်နေစေရန် ကြိုးပမ်း စွမ်းဆောင်နေသော နေရာတစ်ခုကား အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များ ဖြစ်ပါသည်။ ဤကျောင်းတော်ကြီးမှ နှစ်စဉ်ပန်းများပျိုး၍မျိုးဆက်သစ် အနုပညာရှင်များ မွေးထုတ်ပေးကာ ထိုက်တန်သည့်ဘွဲ့ များ အပ်နှင်းခဲ့သည်မှာ (၁၄) ကြိမ်တိုင်ခဲ့ပြီ။

၂၀၁၀ခုနှစ် ဩဂုတ်လ ၂၆ရက်နေ့က အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၏ ၂၀၀၉-၂၀၁၀ပညာသင်နှစ် (၁၄)ကြိမ်မြောက် ပန်းချီ၊ ပန်းပု၊ ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့် ပြဇာတ်ဘွဲ့ယူလက်ရာ မွန်ပြပွဲနှင့် စင်တင် တင်ဆက်ပွဲအခမ်းအနားကို ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံကြီးတွင် ကျင်းပ ခဲ့ပါသည်။ မိုးများ သည်းထန်စွာရွာသွန်းနေသည့် ကြားမှပင် မိဘ၊ ဆရာ၊ ကျောင်းသား၊ ကျောင်းသူ များနှင့် ဧည့်ပရိသတ်များ တဖွဲဖွဲရောက်လာကြသည်။ ကျောင်းသားများက သူတို့၏အနုပညာဖန်တီးမှု စွမ်းရည် ကိုပြသရန်၊ဆရာများက တပည့်များ၏ အရည်အချင်း ကို အကဲဖြတ်ရန်၊ မိဘများက သားသမီးများ၏ လက်ရာမွန်ကို ကြည့်ရှုအားပေးရန် စုံညီစွာ တက်ရောက်လာခဲ့ကြပါသည်။

အမျိုးသားဇာတ်ရုံ၏ မျက်နှာစာ ဧည့်ခန်းဆောင် တွင် ပန်းချီပညာဌာနနှင့် ပန်းပုပညာဌာနမှ ကျောင်းသား တို့၏ လက်ရာမွန်များကို ပြသထားပါသည်။ ပန်းချီပညာ ဌာနမှ ကျောင်းသား၊ ကျောင်းသူ ၂၈ဦးတို့က ဆီဆေး၊ ပတ်စတယ်၊ မင်ခြစ်၊ အခရိုက်လစ်၊ ရိုးရာ ပန်းချီကား၊ ရေဆေးအကြည်၊ ရွှေဇဝါယွန်း အစရှိသည့် ဆေးအမျိုး အစား ခုနစ်မျိုးဖြင့် ပန်းချီကား ၃၃ကားကို ရေးဆွဲပြသ ထားပါသည်။ "မြောင်ထပ်တွေဆီ တောင်ဇလပ်တွေနီ"၊ "ချယ်ရီမြေမှာ ပွင့်တဲ့ပန်း"၊ "ငါးရက်တစ်ခါ လာဝယ်ပါ"၊ "ဖူးမြော်မဝ မြတ်ဗုဒ္ဓ"၊ "တိမ်စေတီ"၊ "ဝတ်စားဆင်ယင် ခေတ်အသွင်(ပျူ၊ ပုဂံ၊ ပင်းယ၊ အင်းဝ၊ စစ်ကိုင်း၊ ကုန်းဘောင်)" စသည့် ပန်းချီကားများစွာ ကြည့်ရှုရသည် မှာ တိုင်းပြည်နှင့် လူမျိုး၏ယဉ်ကျေးမှုပုံရိပ်ကို မြင်သာ စေပါသည်။ ဤတက္ကသိုလ်ကျောင်းဆင်း မျိုးဆက်သစ် ပန်းချီဆရာများသည် လက်ရာမြောက်ပန်းချီ ကားပေါင်း များစွာရေးဆွဲကြပြီး ဘာသာ၊ ယဉ်ကျေးမှု၊ သမိုင်း၊ အနုပညာအဆီအနှစ်တို့ သိုမှီးထားရာဘဏ်တိုက်ကြီးများ ကို တည်ဆောက်ကြပေလိမ့်မည်။ခေတ်ဟောင်း၊ ခေတ်သစ်၊ ပြည်တွင်းပြည်ပယဉ်ကျေးမှု ဆက်စပ်ရာ ပေါင်းကူးတံတား များကို တည်ဆောက်ကြပေလိမ့်မည်။ နိုင်ငံသားတို့၏ သိမ်မွေ့နူးညံ့မှု၊ ဇာတိမာန်၊ မျိုးချစ်စိတ် အစရှိသည့် စိတ်ဓာတ်အသွင်သဏ္ဌာန် ပြုပြင်ဖော်ပြရာ ကြေးမုံပြင်များ ကိုလည်း ဖန်တီးကြပေလိမ့်မည်။

ပန်းပုပညာဌာနမှ ကျောင်းသား၊ ကျောင်းသူ ကိုးဦး တို့က လက်ရာမွန်ရုပ်တုတစ်မျိုးစီ ထုလုပ်ခင်းကျင်း ပြသထားပါသည်။ ဘွဲ့ယူလက်ရာမွန်များကို ဖိုင်ဘာ၊ သစ်စေးသရိုး၊ ပလာစတာ စသည့် ဝတ္ထုပစ္စည်းများဖြင့် မြန်မာ့ရိုးရာ အနုပညာရပ်ကိုအခြေခံကာ ဆန်းသစ် တီထွင် ဖန်တီးပြသထားသည်။ ပြပွဲတွင် ပြသထားသည့် ရုပ်တုများအနက် "ဦးဆွေးဆံမြည့်" ပလာစတာရုပ်တု သည် မြန်မာ့စိတ်ဓာတ်နှင့် သစ္စာတရားအလှကို ဖော်ပြ နေသလို "နွေးထွေးမှု" ပလာစတာရုပ်ကလည်း မိခင်က သားငယ်ကို နွေးထွေးစွာ ပွေ့ဖက်ထားပုံမှာ မြင်ရသူတိုင်း စိတ်ကို ကြည်နူးစေသည်။ "မျိုးဆက်သစ်များ" ပလာစတာ ရုပ်တုတွင်တော့ မွေးကင်းစကလေးငယ်များ၏ ချစ်စရာ၊ ရယ်စရာ၊ သနားစရာ၊ ပြုံးချင်စရာ မျက်နှာလေးများကို သဘာဝကျကျ ထုလုပ်ပြထားရာ ကြည့်သူတိုင်း ကလေး တစ်ယောက် ကောက်ယူမွေးစားချင်စိတ်ပင် ပေါ်လာရပါ သည်။ "ရာမ လေးတင်ခန်း" သစ်စေးသရိုးရုပ်တုကလည်း ရိုးရာပန်းပု အနုပညာ၏ အသွင်သဏ္ဌာန်ကို အပြည့်အဝ မြင်တွေ့ရသည်။ ထုဆစ်ဖို့ ဖြည့်ထားသော ပန်းပုလက်ရာ မွန်များသည် သတ်မဲ့ရုပ်တုများဖြစ်ကြသော်လည်း ၎င်းတို့ သည် ယဉ်ကျေးမှုကို ကိုယ်စားပြု၍ စကားပြောတတ် ကြပါသည်။ ထိုစကားကို အနုပညာခံစားတတ်သူတိုင်း နားလည်နိုင်ပါသည်။

ပန်းချီ၊ ပန်းပုလက်ရာမွန်ပြပွဲကို ကြည့်ရှုပြီးနောက် အမျိုးသားဇာတ်ရုံအတွင်း စင်တင် တင်ဆက်ပွဲကို ဆက်လက်ကြည့်ရှုလေ့လာခဲ့ကြပါသည်။ ဂီတပညာဌာနမှ ကျောင်းသား၊ ကျောင်းသူများက ရိုးရာဂန္ထဝင်တေးဂီ တများ သီဆိုဖျော်ဖြေကြသည်။ မြန်မာ့ဆိုင်းဝိုင်းကြီးကို ကျောင်းသူများတစ်ဝိုင်း၊ ကျောင်းသားများတစ်ဝိုင်း ဝဲဆိုင်း၊ ယာဆိုင်းဖြင့်ပဏာမဧည့်ခံတေးဂီတကို အပြိုင်လက်စွမ်းပြ ကြသည်။ စောင်း၊ ပတ္တလားအဖွဲ့လိုက် တီးခတ်မှုများ စောင်းတော်သိဂီကြိုး၊ မိုးဒေဝါပတ်ပျိုးကဲ့သို့ သီချင်းကြီး သီချင်းခန့် သီဆိုမှုများ၊ ကျောင်းသားများ ကိုယ်တိုင်ရေးစပ် သီဆိုသည့် "နှလုံးသားထဲက အမိတက္ကသိုလ်" သီဆို ဖျော်ဖြေခြင်းများဖြင့် ဘွဲ့ယူစွမ်းရည်ကို ပြသခဲ့ကြသည်။ တူရိယာအမျိုးမျိုး တီးလုံးဆန်း၊ သံဆန်းအမျိုးမျိုးကို နိုင်နင်းစွာ တီးခတ်သီဆိုပြသွားသည်မှာ မြန်မာ့ဂီတလောက အတွက် အားတက်ဂုဏ်ယူဖွယ် ကောင်းလှပါသည်။

သဘင်ပညာဌာနမှလည်း မြူးကြွသွက်လက်သော ကကွက်များ၊ သရုပ်ဖော်ဟန်များဖြင့် တင်ဆက်သည့် "တူယှဉ်နွဲပျော် တေးသရုပ်ဖော်" အက၊ ညီညာလှပ၍ လန်းဆန်းတက်ကြွသော မင်းသားလတ်တို့၏ ကဟန် များဖြင့် ဖော်ကျူးထားသည့် "မြူးကြွလှပ မင်းသားယိမ်း အက"၊ မျိုးဆက်သစ်ကျောင်းသား၊ ကျောင်းသူများ၏ "ပျော်ရွှင်ဖွယ်ရာ ကုမုဒြာအငြိမ့်"၊ "ရွှေပုဆိန်အော်ပရာ" (ရုပ်သေး)နှင့် "ဝိသယျသူဌေး" ဇာတ်တော်ကြီးများကို သမားစဉ်မပျက် အဆို၊ အငို၊ အပြော၊ အက၊ အလှများ ဖြင့် ထက်မြက်သော အနုပညာအရည်အသွေးကို ဖော်ထုတ်ပြသသွားပါသည်။ ရုပ်သံလိုင်းများ၊ အင်တာနက် များ စသည့် ပုံနှိပ်မှုလျှင်မြန်၍ ဆွဲဆောင်အားကောင်းလှ သော လူထုဆက်သွယ်ရေး မီဒီယာအမျိုးမျိုးကြားတွင် သဘင်မှုအနုပညာကို ပြည်သူ့ရင်ထဲ စိမ့်ဝင်ထိုးဖောက် နိုင်အောင် ဤမျိုးဆက်သစ်ကျောင်းသားလူငယ်များက စွမ်းဆောင်ကြရပေမည်။

ရုပ်ရှင်နှင့်ပြဇာတ်ပညာဌာနသည် ဖွဲ့စည်းထူထောင် ၍ သင်ကြားပြသခဲ့သည်မှာ မကြာသေးပါ။ ဤပြပွဲနှင့် စင်တင် တင်ဆက်မှုတွင် ဒုတိယအကြိမ်ပြသခြင်းမျှသာ ဖြစ်သော်လည်း ဆရာများ၏ သင်ကြားနိုင်စွမ်းအားနှင့် ကျောင်းသား၊ ကျောင်းသူများ၏ ဝါသနာဗီဇအရင်းခံ ကြိုးစားအားထုတ်မှုများမှာ အားရကျေနပ်စရာ ကောင်းလှ ပါသည်။ ဇာတ်ညွှန်းအထူးပြု ခုနစ်ဦး ဒါရိုက်တာအထူးပြု ၁၁ ဦး၊ ကင်မရာအထူးပြု သုံးဦး၊ သရုပ်ဆောင်အထူးပြု ၁၁ ဦး၊ တည်းဖြတ်အထူးပြု ၁၀ဦး စုစုပေါင်း ၄၂ ဦးကို အဖွဲ့လေးဖွဲ့ခွဲကာ ဇာတ်လမ်းလေးပုဒ် ရိုက်ကူးစေခဲ့ပါ သည်။ ယဉ်ကျေးလိမ္မာအသိပညာပေး "သိ. . တတ်စေ သော်" ဇာတ်လမ်း၊ နိုပါတ်တော်လာ ပညာပေး "မိလက္ခ" ဇာတ်လမ်း ပန်းချီဆရာကြီး ဦးလွန်းကြွယ်၏ "သူ့ဘဝနှင့် သူ့လက်ရာ"မှတ်တမ်း၊ ဗိုလ်ကလေးတင့်အောင်၏ "ဘဝ စာမျက်နှာများ" မှတ်တမ်းတို့ကို ကျောင်းသားများ ကိုယ်တိုင်ရေးသား၊ ရိုက်ကူး၊ သရုပ်ဆောင်၊ တည်းဖြတ်၊ ထုတ်လုပ်ခဲ့ကြရာ လိုအပ်ချက်များ ရှိနေသေးသည့်တိုင် အခြေခံအရည်အချင်းကောင်းများကို အစွမ်းကုန် ဖော်ထုတ်ပြသနိုင်ခဲ့ပါသည်။

ရုပ်ရှင်/ပြဇာတ်ဆိုင်ရာ သီအိုရီနှင့် သဘောတရား များ လက်တွေ့ပိုင်းများကို ကျေညက်ခဲ့ပြီးဖြစ်သည့် အလျောက် ယုံကြည်မှုနှင့် အခြေခံကောင်းများ ပိုင်ဆိုင် သွားကြပြီဖြစ်ပါသည်။ အနာဂတ်တွင် ရုပ်ရှင်နှင့် ရုပ်မြင် သံကြားလောက ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဤကျောင်းဆင်းမျိုးဆက်သစ်များသည် အာရှမှကိုရီးယား တို့ကဲ့သို့ မြန်မာ့ရုပ်ရှင်ဖြင့် နိုင်ငံတကာသို့ ထိုးဖောက်ကာ မြန်မာ့ယဉ်ကျေးမှုဂုဏ်ကို ကျယ်ပြန့်စွာ မြှင့်တင်နိုင်ကြ ပါလိမ့်မည်။

လူ့သမိုင်းခေတ်ကြီးအပိုင်းအခြားများနှင့် နည်းပညာ အပြောင်းအလဲများကို "လှိုင်းကြီးသုံးလှိုင်း" စာအုပ် အမည်ဖြင့် သုတေသနပြု ဖော်ထုတ်တင်ပြခဲ့သည့် နိုင်ငံရေး သိပ္ပံပညာရှင် အယ်ဗင်းတော်ဖလာက ယခုကဲ့သို့ ပြောခဲ့ဖူးပါသည်။ "နိုင်ငံတစ်နိုင်ငံတွင် လူ့စွမ်းအားအရင်းအမြစ်ကို မွေးထုတ်ပေးရာ၌ ကျွမ်းကျင်သောလူရိုင်းတွေ(Skillecd barbarions) နဲ့ ငမိုက်သားတွေ (boobs) ချည်းပဲ မွေးထုတ်ပေးလို့ မရဘူး။ ဂီတ၊ အနုပညာ၊ ပန်းချီ၊ အကပြဇာတ်နဲ့ ဇာတ်သဘင်တွေကို ခံစားတတ်သူတွေ၊ ခံစားတတ်ရုံ (appreciation)မကဘူး၊ အသုံးချနိုင်အောင် ဖန်တီး တဲ့ အနုပညာတွေ (applied creative arts) ထွန်းကားလာအောင် ဖန်တီးပြုလုပ်နိုင်သူတွေကို မွေးထုတ်ပေးရမယ်"ဟု ဆိုခဲ့ပါသည်။

လူမှုသိပ္ပံပညာရှင် ဆင်မြူရယ်တန်တင်တန် ကလည်း အနာဂတ်တွင် "ယဉ်ကျေးမှုများ တိုးတက် လိမ့်မည်"ဟု ဟောကိန်းထုတ်ထားရာ ယဉ်ကျေးမှု တန်ဖိုးနှင့် အင်အားသည် လူ့အဖွဲ့အစည်း၏ သမိုင်း တန်ဖိုးများအဖြစ် အရေးပါသော အခန်းကဏ္ဍမှ ရှိနေပေလိမ့်မည်။

ပန်းဟူသည် နေရာတိုင်းမှာ မပွင့်ပါ။ ရေခံမြေခံ ကောင်း ရှိဖို့လိုပါသည်။ မြန်မာ့ရေမြေသည် နှစ်ပေါင်း ရာထောင်ချီ၍ သမိုင်းနှင့် ယဉ်ကျေးမှုအစဉ်အလာ ကြီးမားခဲ့သော ရေခံမြေခံကောင်းရှိသည်။ သည်ရေမြေ ပေါ်တွင် လှသောပန်းတိုင်း ပွင့်စေရန်နှင့် ပွင့်သော ပန်းတိုင်း မွှေးစေရန် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်ကြီးများက ပြုစုပျိုးထောင်ပေးလျက်ရှိပါ သည်။ လက်ရာမွန်ပြပွဲ အခမ်းအနားကျင်းပသည့် စက်တင်ဘာ ၂၆ ရက် တစ်နေ့လုံး မိုးစက်ပွင့်များ တဖွဲဖွဲ တသဲသဲ ရွာချလျက်ရှိသည်။ ထိုမိုးစက်ပွင့်တို့သည် စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတ၊ ပန်းချီ၊ ပန်းပု အနုပညာပန်းများ ပွင့်လန်းစေမည့်၊ ပန်းတွေပျိုးမည့် မိုးစက်ပွင့်များ ဖြစ်ပါသည်။ ။

ပြည်တွင်း ပြည်ပ ဟိုတယ်လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နိုင်မည့် သင်တန်းသစ်ဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၅

ပြည်တွင်းပြည်ပရှိ Hotel, Restaurant နှင့် အပျော်စီးသင်္ဘောလိုင်းများ၌ တာဝန်ထမ်းဆောင်ချင်သူများအတွက် ရည်ရွယ်၍ SOP Course for Hotel & Cruise Staff သင်တန်း အပတ်စဉ် အသစ်ကို စက်တင်ဘာလ တတိယပတ် အတွင်း Star Resources Hospitality Management Academy တွင် ဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်းကာလအတွင်း Hotelier Life တွင် အလုပ်အကိုင်အခွင့်အလမ်း ပေါများသော F&B Service (Waiter/Waitress), Housekeeping (Room Attendant) နှင့် The Art of Napkin Folding စသည်တို့ကို Institute of Hospitality (UK)နှင့် Institute of AH & LA (USA)မှ သတ်မှတ်ထားသော Course Guide Line များ နှင့် အညီ International Five Star Hotel များတွင် တာဝန်ထမ်းဆောင်ခဲ့သူ များကိုယ်တိုင် တတ်မြောက်ကျွမ်းကျင် အောင် စာတွေ့၊ လက်တွေ့ သင်ကြားပေး မည် ဖြစ်သည်။

ထို့အပြင် IELTS Foundation Course နှင့် Intensive Course ကိုလည်း Star Resources Hospitality Management Academy တွင် စက်တင်ဘာ တတိယပတ်အတွင်း ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းကာလမှာ သုံးလကြာမြင့်မည် ဖြစ်ပြီး စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality Management Academy တိုက်(၂၆၇)အခန်း (၁၀၂) ပြည်လမ်း မြေနီကုန်း စမ်းချောင်း မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၂၃၆၂၃၊ ၅၂၃၂၀၀၊၄၄၁၂၂၅၆နှင့် ၀၉-၅၀၂၀၃၀၂ တို့သို့ ဆက်သွယ်စုံစမ်း၍ စာရင်းပေးသွင်း နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

သုတရသစုံ စာကြည့်တိုက်ဖွင့်

ရန်ကုန် စက်တင်ဘာ ၅

ရန်ကုန်တိုင်းဒေသကြီး သာကေတ မြို့နယ် ၇/အနောက်ရပ်ကွက် အောင်ချမ်းသာလမ်းမကြီးတွင် သုတ ရသစုံစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁ ရက် နံနက် ၈ နာရီက ကျင်းပရာ**(ယာပုံ)** မြို့နယ်အေးချမ်း သာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကံစောလှိုင်က အဖွင့်အမှာစကား ပြောကြားကာ ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး အရာရှိ ဦးတင်ကို၊ စာပေနှင့် စာနယ်ဇင်း အတွင်းရေး မှူး မော်ဝန်းကြည်မြတ်တို့က ဟောပြောကြပြီးစာကြည့်တိုက်ဖြစ်မြောက် ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်က ကျေးဇူးတင်စကားပြောကြား၍ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးကံစောလှိုင်က ရပ်ကွက် ဥက္ကဋ္ဌဦးခင်စိုးအား အလှူငွေများ ပေးအပ်ကြောင်းသိရသည်။ (၅၃)

စာအုပ်စာပေ လူ့မိတ်ဆွေ

စာပေညီလာခံ အတွေ့အကြုံရှင်းလင်းပွဲနှင့်အလှူငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၅

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ပဥ္စမအကြိမ် စာပေညီလာခံ အတွေ့အကြုံ ရှင်းလင်းပွဲနှင့် အလှူငွေပေးအပ်ပွဲကို ဩဂုတ် ၂၁ ရက် မွန်းလွဲ ၁ နာရီက ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြောင်းမြခရိုင်ရုံး စာကြည့်တိုက်ခန်းမ၌ ကျင်းပရာ ဗဟိုအမှုဆောင် ဦးခင်ဆွေ **(ဝဲပုံ)**၊ ဥက္ကဋ္ဌ ဦးတင်ရွှေဦးနှင့် ခရိုင် (ပြန်/ဆက်) ဦးစီး အရာရှိ ဒေါ်လှကြည်တို့က အမှာစကားပြောကြားကြပြီး စာပေညီလာခံအတွေ့အကြုံ များကို ညီလာခံကိုယ်စားလှယ် ဦးမြင့်ဦး (မြင့်ဦး၊ စက်မှုသိပ္ပံ)က ရှင်းလင်းတင်ပြကာ ညီလာခံ ကိုယ်စားလှယ် ဦးမြင့်ဦးနှင့် အလှူရှင်များက မြောင်းမြမြို့နယ် စာပေနှင့် စာနယ်ဇင်း အဖွဲ့သို့ နာမကျန်းရန်ပုံငွေ ငါးသိန်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရ သည်။ (သတင်းစဉ်)

ရန်ကုန်မြို့ရှိ တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများ ဝန်ကြီး ဒေါက်တာချမ်းငြိမ်း လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၅

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ယနေ့နံနက်ပိုင်းတွင် တက္ကသိုလ်များ သိပ္ပံသုတေသန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် (ကမာရွတ်)၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်နှင့် အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ(ဌာနမှူး)များနှင့်တွေ့ဆုံကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် စက်တင်ဘာ ၃ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် ရန်ကုန်တက္ကသိုလ် (ဝိဇ္ဇာခန်းမ)တို့သို့လည်းကောင်း၊ စက်တင်ဘာ ၄ ရက် နံနက်ပိုင်းတွင် ဒဂုံတက္ကသိုလ်၊ ရန်ကင်းပညာရေးကောလိပ်၊ သင်္ဃန်းကျွန်းပညာရေးကောလိပ်၊ ရန်ကင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ တာမွေမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းနှင့် သုဝဏ္ဏမြို့အခြေခံပညာအထက်တန်းကျောင်းတို့သို့လည်းကောင်း လှည့်လည်သွားရောက်၍ လက်တွေ့ခန်းများ၌ သင်ကြားမှုအထောက်အကူပစ္စည်းများဖြင့် သင်ကြားသင်ယူနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ရန်ကုန်တက္ကသိုလ် ဓာတုဗေဒဌာန သုတေသနလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (ပညာရေး)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်အသံလွှင့်၊ ရုပ်ရှင်၊ ရုပ်မြင်သံကြား အထွေထွေဗျူရို၊ အာရှ၊ အာဖရိကနှင့် လက်တင်အမေရိကရေးရာဌာနမှ ဒါရိုက်တာ Mr. Yan Chengsheng ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ သွားရောက်ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

တရုတ်နိုင်ငံတော် အသံလွှင့်၊ ရုပ်ရှင်၊ ရုပ်မြင်သံကြား ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၅

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်အသံလွှင့်၊ ရုပ်ရှင်၊ ရုပ်မြင်သံကြား အထွေထွေဗျူရို၊ အာရှ၊ အာဖရိကနှင့် လက်တင်အမေရိကရေးရာဌာနမှ ဒါရိုက်တာ Mr. Yan Chengsheng ခေါင်းဆောင်သော အဖွဲ့ဝင်ငါးဦးပါ ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂ ရက် မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။

ထို့နောက် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ သွားရောက် ကြည့်ရှုလေ့လာကြပြီး ညနေပိုင်းတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ယင်းကိုယ်စားလှယ် အဖွဲ့သည် စက်တင်ဘာ ၃ ရက်တွင် မော်တော်ယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိကြပြီး နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ သွားရောက်ကြည့်ရှု လေ့လာကြကာ ညပိုင်းတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်က နေပြည်တော် ဟိုတယ်ဇုန်ရှိ ရွှေနန်းတော်ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၄ ရက်တွင် ရန်ကုန်မြို့သို့ ရောက်ရှိကြပြီး ရန်ကုန်မြို့အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် စက်တင်ဘာ ၅ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အခြေခံအမျိုးသမီးဝတ်စုံ စက်ချုပ်သင်တန်းဖွင့်လှစ်မည်

ရန်ကုန် စက်တင်ဘာ ၅

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများလူနေမှုဘဝ မြှင့်တင်ရေးလုပ်ငန်းအဖွဲ့က ကြီးမှူး၍ အခြေခံအမျိုးသမီးဝတ်စုံစက်ချုပ်သင်တန်း (၄/၂၀၁၀)ကို စက်တင်ဘာ ၂၀ ရက်မှ စတင်၍ နှစ်လကြာ သင်ကြားပို့ချမည်ဖြစ်သည်။

သင်တန်းကို တနင်္လာနေ့မှ သောကြာနေ့အထိ နေ့စဉ် နံနက် ၁၀ နာရီမှ မွန်းလွဲ ၂နာရီအထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် စက်ရုံလမ်းမကြီး (စံပယ်လမ်းနှင့်အောင်သပြေလမ်းကြား) တိုက်အမှတ် (P) အခန်းအမှတ် (၀၀၅) (၅)လွှာ၌ သင်ကြားပို့ချမည်ဖြစ်သည်။

သင်တန်းသူ ၂၀ သာ လက်ခံမည်ဖြစ်ပြီး သင်တန်းလျှောက်လွှာများကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သာယာကုန်းရပ်ကွက် စက်ရုံလမ်း အမှတ် (၁၀) KSS - နတ်သုဒ္ဓါဒ်ပေါက်ဆိုင်၌ ရယူ၍ စက်တင်ဘာ ၁၉ရက် နောက်ဆုံးထား ပြန်လည်ပေးပို့ရမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၃၆) ထုတ်ဝေဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၅

မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၃၆)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။ အဆိုပါမဂ္ဂဇင်းတွင် သိပ္ပံစိုးမြင့်နိုင်၊ သူရဇော်၊ နောင်၊ ပျဉ်းမနားမြင့်လှိုင်၊ ခြိမ့်နိုင်၊ မင်းသွေးငယ်(ဇီးကုန်း)၊သတိုးနွယ်တို့၏ ကဗျာများ၊ မောင်ပညာကျော်၊ စိုးထက် ကျော်၊ တက္ကသိုလ်မြတ်သူ၊ မောင်ကျော်ဟိုး (မဟာဝိဇ္ဇာ)၊ မောင်သမ္မာဒိဋ္ဌိ၊ မောင်နွယ်စစ်၊ စမ်းတင်မာ၊ ခိုင်ထက်အောင်၊ တက္ကသိုလ်တင်ခ၊ စောမုံညင်း၊ အယ်ဒီတာချုပ်တစ်ဦး၊ ဒေါက်တာလှမောင်(စီးပွားရေး)၊ အောင်စိုး(တိ/ကုအမျိုးသားစာပေဆုရ)၊ ညွန့်ဟံ (ကြူတော)၊ ခင်ဇေ (စက်မှု)၊ ပြည့်စုံ (သွေးသောက်)၊ အောင်ချိန်ဘွားတို့၏ သုတဆောင်းပါးကဏ္ဍ၊ လှထွန်း(တွံတေး)၊ ဆင်ဖြူကျွန်းမြင့်သိန်း၊ အောင်ရန်နိုင်(B.Sc)တို့၏ လူငယ်ကဏ္ဍ၊ စန်းနီလာဝင်း၏ ကမ္ဘာ့ဂန္ထဝင်ဝတ္ထုတိုကဏ္ဍ၊ လေးဝတီကျော်၏ နိုင်ငံတကာသုတရေးရာကဏ္ဍ၊ ထားမြတ်မာ (မြန်မာစာ)၊ ဓာတ်ပုံမောင်မောင်၊ မြန်မာ့အသံသိန်းဟန်၊ သူရိန် (မကွေး)၊ လွင်ဘိုဘိုအောင် (အလုပ်သင်ဆရာဝန်)၊ နွယ်ငြိမ်းအေး (IT)၊ ခင်လယ်လယ်ချစ် (မြန်/ဂုဏ်)၊ မောင်ငြိမ်းသူ(ကြို့ပင်ကောက်)၊ မောင်သာအေးတို့၏ ရသဝတ္ထုတိုကဏ္ဍ၊ ဦးဖိုးကျား မြန်မာ့ဂန္ထဝင်ဝတ္ထုတိုကဏ္ဍ၊ နန္ဒမိုးကြယ်၏ ဗုဒ္ဓဝင်ဝတ္ထုတိုကဏ္ဍ၊ ခင်လယ်လယ်ချစ် (မြန်/ဂုဏ်) ၏ ကာတွန်းသရုပ်ဖော်ကဏ္ဍ၊ မောင်မောင်စန်း(ရန်ကုန်တက္ကသိုလ်)၊ လေလှိုင်း၊ တက္ကသိုလ်လှကြွယ်တို့၏ အင်္ဂလိပ်ဆောင်းပါးကဏ္ဍ၊ မောင်မီဒီယာ၊ ကိုရွှေတောသားတို့၏ ဟာသကဏ္ဍ၊ ငွေကြည်၊ မြေဇာ၊ သစ်ထွဏ်း၊ မောင်မောင်စန်းလွင်တို့၏ ကာတွန်းကဏ္ဍတို့ စုံလင်စွာ ဖော်ပြပါရှိသည်။ စာမူများ၊ ကြော်ငြာများထည့်သွင်းလိုပါက စာတည်းမှူးချုပ် မြန်မာ့ဂုဏ်ရည် မဂ္ဂဇင်း အမှတ်-၄၅၅/၄၅၇ တက္ကသိုလ်ရိပ်သာလမ်းသစ် ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့လိပ်မူ၍ ပေးပို့နိုင်ကြောင်းသိရှိရသည်။ (သတင်းစဉ်)

သန်လျင် အထက(၂) မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၂၈ ရက်က ရတနာခန်းမ၌ ကျင်းပရာ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးရှင် မောင်ခန့်လွင်ဦးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးသွယ် ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၅၂၇)

ထာဝရဆေးပဒေသာပင်

ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (၃၇) ရပ်ကွက် မန်းသံပုရာကန်လမ်းနေ ဦးသိန်းဝင်း-ဒေါ်တင်တင်ဝင်း မိသားစုမှ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်) သို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် သုံးသိန်းပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အလုပ်အမှုဆောင် ဦးထွန်းရီ လက်ခံရယူစဉ်။ (ကြေးမုံ)

မော်လမြိုင်မြို့နယ် ပညာရေးမှူးဒိုင်း အခြေခံပညာကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၅

၂၀၁၀-၂၀၁၁ ပညာသင်နှစ် မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ပညာရေးမှူးဒိုင်း အသက်(၁၃)နှစ်အောက် အခြေခံပညာကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ဩဂုတ် ၂၈ရက်တွင် မော်လမြိုင်မြို့ ရာမညအားကစားပြိုင်ကွင်း၌ ကျင်းပရာ ဗိုလ်လုပွဲတွင် မော်လမြိုင်မြို့နယ် ရွှေနတ်တောင် အခြေခံပညာအထက်တန်းကျောင်းအသင်းက အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းအသင်းကို ခုနစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ထို့နောက် လက်ထောက်ပြည်နယ်ပညာရေးမှူး(စီမံ) ဦးမင်းထွန်းတင်က ဗိုလ်စွဲသွားသည့် ရွှေနတ်တောင် အခြေခံပညာအထက်တန်းကျောင်းအသင်းအား တံခွန်စိုက်ဒိုင်းဆုကိုလည်းကောင်း၊ ပြိုင်ပွဲကျင်းပရေးကော်မတီမှ တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများအား ဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၆-၉-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၂၀ ၇။ အတီးပြိုင်ပွဲ
- ၈:၃၀ ၈။ "အားကိုးအားထား"
- ၈:၄၀ ၉။ International News
- ၈:၄၅ ၁၀။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ အကပဒေသာ
- ၄:၂၀ ၃။ တေးဂီတအစီအစဉ်(မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
- ၄:၃၀ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၄:၃၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ်(မြန်မာစာ၊ မြန်မာမှုပညာ၊ အင်္ဂလိပ်စာ၊ ဒဿနိကဗေဒ၊ စိတ်ပညာ၊ ပထဝီဝင် အထူးပြုများ) (သမိုင်း)
- ၄:၅၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၅၅ ၇။ မြန်မာစာ၊ မြန်မာစကား
- ၅:၀၅ ၈။ "မြစ်အားလုံးဆုံရာ မဟာသမုဒ္ဒရာ" (ယဉ်ကျေးမှုတက္ကသိုလ်)
- ၅:၃၀ ၉။ မြန်မာတေးသံရှင်ရွေးချယ်ပွဲ
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၂။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၇:၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာဆန်သူ့ . . ကိုယ့်ချစ်သူ" (အပိုင်း-၁၄)**
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ တို့အိမ်ကလေး(နေရဲမာန်၊ တေးရေး-OVATION)
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အဆိပ်သင့်တဲ့အချစ်" (ဒုတိယတွဲ) (အပိုင်း-၂၄)**
- ၁၉။ "သူခုမရင်ပြင်"
- ၂၀။ အစီအစဉ်ပြီး၏။

သာသနာ့ဗိမာန်တော်

အင်္ဂပူမြို့ရှိ သာသနာ့ဗိမာန်တော်ကို ဤသို့ ခမ်းနားထည်ဝါစွာ တွေ့ရစဉ်။

❖ **ရှေ့ဖုံးမှ**

အမည်ကွဲလွဲစေရန် မူလအင်္ဂပူရမြို့ အမည်မှာ အင်္ဂပူမြို့အဖြစ် ယနေ့တိုင် ခေါ်တွင်ခဲ့ကြကြောင်း မှတ်တမ်းများအရ သိရှိရပါတယ်။

ယခုမျက်မှောက်ခေတ်သစ် အင်္ဂပူမြို့ရဲ့သမိုင်းကို ခြယ်မှုန်းပြရရင်တော့ ကဏ္ဍအလိုက် မကြုံစဖူး ဖွံ့ဖြိုးတိုးတက်လာမှုကိုပဲ မီးမောင်းထိုးပြရပါလိမ့်မယ်။

အစီအရီပေါ်ထွန်း

အင်္ဂပူမြို့ရဲ့ ထူးထူးခြားခြား ဖွံ့ဖြိုးတိုးတက်မှုကတော့ "တစ်နှစ်အတွက် ကြံရွယ်ခြင်းဖြစ်လျှင် မျိုးစေ့စိုက်ပါ။ ၁၀ နှစ်အတွက် ကြံရွယ်ခြင်းဖြစ်လျှင် သစ်ပင်စိုက်ပါ။ အနှစ်တစ်ရာအတွက် ကြံရွယ်ခြင်းဖြစ်လျှင် စာသင်ကျောင်းဆောက်ပါ" ဆိုတဲ့ ကျောင်းဆောင်သစ်ဖွင့်ပွဲ အထိမ်းအမှတ် လက်ကမ်းစာစောင်လေးအတွင်းက ဆောင်ပုဒ်စာချိုးအတိုင်း ဒေသအတွင်းမှာ မြောက်မြားစွာသော အခြေခံပညာကျောင်းများ အစီအရီ ပေါ်ထွန်းလာခဲ့မှုပါပဲ။

ဥပမိရုပ်ကောင်းမွန်

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးရဲ့ ကြီးကြပ်စီစဉ်ပံ့ပိုးမှုနဲ့ မြို့နယ်အတွင်းမှာ ဥပမိရုပ်ကောင်းမွန်သော အခြေခံပညာကျောင်းပေါင်း မြောက်မြားစွာကို တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။

ဒေသခံတို့၏ ကျန်းမာရေးစောင့်ရှောက်မှုကို ဝန်ဆောင်ပေးလျက်ရှိသော အင်္ဂပူမြို့ မြို့နယ်ပြည်သူ့ဆေးရုံ။

မှတ်တမ်းမှတ်ရာများအရ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေးအတွက် ၁၉၉၈ ခုနှစ်မှ ယခု ၂၀၁၀ ခုနှစ် မေ ၁၇ ရက်အထိ တစ်မြို့နယ်လုံးမှာ ကျောင်းဆောင်သစ်ပေါင်း ၁၁၃ ကျောင်း ဆောက်လုပ် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ၁၃၈ ကျောင်းကိုတော့ ဥပမိရုပ်ကောင်းမွန်ရေးအတွက် မွမ်းမံပြင်ဆင်ပေးခဲ့ပါတယ်။

ကုန်ကျစရိတ်တန်ဖိုးအားဖြင့်လည်း မနည်းလှပါဘူး။ ကျောင်းဆောင်သစ် ၁၁၃ ကျောင်းအတွက် ငွေကျပ်သိန်းပေါင်း ၁၈၆၀၀ နဲ့ မွမ်းမံပြင်ဆင်ပေးတဲ့ ကျောင်း ၁၃၈ ကျောင်းအတွက် ငွေကျပ်သိန်းပေါင်း ၅၂၆၀ ရှိခဲ့ပါတယ်။

ထောက်ပံ့ခဲ့

ဒါ့အပြင် ကျောင်းသား၊ ကျောင်းသူ ၄၆ ဦးအတွက် ပညာသင်ဆုအဖြစ် ငွေကျပ် ၂၀၇ သိန်းကိုလည်း ထောက်ပံ့ပေးခဲ့ပါသေးတယ်။

အဆိုပါကျောင်းများကနေ နိုင်ငံ့သားကောင်းရတနာများ၊ နောင်တစ်ခေတ်၏ အောင်စစ်သည်များ၊ နိုင်ငံတော်က အားထားရမည့် အသိပညာရှင်၊ အတတ်ပညာရှင်ပေါင်း မြောက်မြားစွာကို မွေးထုတ်ပေးဦးမယ်လို့ ယုံကြည်မျှော်လင့်မိပါတယ်။

ဒေသဖွံ့ဖြိုး

အင်္ဂပူမြို့မှာ သုံးညတိုင်တိုင် အိပ်ခဲ့ရတဲ့အတွက် ဒေသဖွံ့ဖြိုးတိုးတက်မှုများကို အသေးစိတ် တွေ့မြင်လေ့လာခွင့်ရခဲ့တာလည်း ကျေနပ်စရာပါ။

စပါးခင်းကြီးများ

မြို့ပြင်ဘက်ကို လှမ်းမျှော်ကြည့်မယ်ဆိုရင် လမ်းဘေး ဝဲ၊ ယာ တစ်လျှောက်မှာ ညီညီညာညာ စိုက်ပျိုးထားတဲ့ ရတနာတန်းဝင် ကျွန်းစိုက်ခင်းများနဲ့ မြစိမ်းရောင် စပါးခင်းကြီးများကို တစ်မျှော်တစ်ခေါ် တွေ့မြင်ရမှာဖြစ်ပါတယ်။ နှစ်စဉ် မိုးစပါးဧကေ တစ်သိန်းကျော် စိုက်ပျိုးနိုင်ကြောင်း သိရပါတယ်။

မြို့လယ်မှာတော့ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်၊ ဇနီး ဒေါ်ခင်ဌေးမြင့် မိသားစုတို့ရဲ့ ကြီးကြပ်စီစဉ်ပံ့ပိုးမှုဖြင့် အလှူရှင်များ၏ ကောင်းမှုဖြင့် မြို့နယ်လုံးဆိုင်ရာ ဘာသာရေးအခမ်းအနားပေါင်းများစွာကို ဝံ့ချီးခမ်းနားစွာ ကျင်းပနိုင်မယ့် သာသနာ့ဗိမာန်တော်ကြီးကို ဗိသုကာ လက်ရာအပြည့်ဖြင့် တွေ့မြင်ရတာကလည်း နတ်လူသာဓုခေါ်ဆိုချင်စရာပါ။

၂၀၀၈ ခုနှစ် နိုဝင်ဘာ ၁၁ ရက်က ဖွင့်လှစ်ခဲ့ပြီး တန်ဖိုးအားဖြင့် ငွေကျပ်သိန်းပေါင်း ၂၈၀၀ ဖြစ်ပါတယ်။

၂၀၁၀ ခုနှစ် မတ် ၇ ရက်က ဖွင့်လှစ်ခဲ့တဲ့ မြို့နယ် e-Library စာကြည့်တိုက်ကလည်း ဒေသခံပြည်သူများရဲ့ အသိပညာဗဟုသုတ ပိုမိုတိုးတက်မြင့်မားရေးကို အထောက်အကူပြုပေးနိုင်သလို ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၁၄ ရက်မှာ ဖွင့်လှစ်နိုင်ခဲ့တဲ့ နှစ်ထပ်ဆောင် မြို့နယ်ပြည်သူ့ဆေးရုံကလည်း ဒေသခံများရဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို အပြည့်အဝ ဆောင်ရွက်ပေးနိုင်ခဲ့ပါပြီ။

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်ရဲ့ ကြီးကြပ်စီစဉ်မှု၊ စေတနာရှင်၊ အလှူရှင်များရဲ့ လှူဒါန်းမှုတို့ဖြင့် အင်္ဂပူမြို့နယ်တစ်ခွင်လုံးမှာ အခြေခံအဆောက်အအုံများဟာ ကဏ္ဍအလိုက် လက်ညှိုးထိုးမလွဲ ဖွံ့ဖြိုးတိုးတက်လျက်ရှိပါပြီ။

မှတ်တမ်းများ

မှတ်တမ်းမှတ်ရာများအရ ၁၉၉၈ ခုနှစ်မှ ၂၀၁၀ ခုနှစ် မေလ ၁၇ ရက်အထိ ထူးကြီး၊ မဲဇလီကုန်း၊ ကွင်းကောက်၊ မြစ်ကျိုးတိုက်နယ်ဒေသကြီးများ အပါအဝင် အင်္ဂပူမြို့နယ်တစ်မြို့နယ်လုံးမှာ ကျောင်းဆောင်သစ်ပေါင်း ၁၁၃ ကျောင်း၊ ပြင်ဆင်မွမ်းမံသည့် ကျောင်းပေါင်း ၁၃၈ ကျောင်း၊ ဆောက်လုပ်ပြီး ဆေးရုံလေးရုံနှင့် ပြင်ဆင်မွမ်းမံပြီး ဆေးရုံဆေးခန်းပေါင်း ခုနစ်ခု၊ ဆေးပဒေသာပင် ၁၄ ခု၊ ပေ ၁၈၀ အထက် တံတား ငါးစင်း၊ ပေ ၁၈၀ အောက် တံတား ၄၁ စင်း၊ ပညာသင်ဆုရ ကျောင်းသား၊ ကျောင်းသူ ၄၆ ဦး၊ လမ်း ၁၂ လမ်း၊ အခြေခံပညာမူလတန်းကျောင်း၏ နှစ်ခန်းတွဲ ရေလောင်းအိမ်သာ အလုံး ၉၀၊ မီးသတ်ယာဉ် သုံးစီး၊ မီးသဂြိုဟ်စက် တစ်ခု၊ သာသနာ့ဗိမာန် တစ်ခု၊ စာကြည့်တိုက် ၁၃ ခု၊ အဝီစိတွင်း ၈၆ တွင်း၊ မြို့တော်ခန်းမ နှစ်ခု၊ လယ်ဦးစီး ရေဝါရေကာတာ သက္ကယ်ပြင်(သံ) လယ်သမားတာ နှစ်ခု၊ သမိုင်းဝင်စေတီတော် ရှစ်ဆူရှိ ထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်များ အသစ်ပြန်လည် တင်လှူပူဇော်ခြင်း၊ ဘာသာရေးလုပ်ငန်းများ၊ ဘုန်းတော်ကြီးကျောင်းနှင့် သိမ်ကျောင်းဆောက်လုပ်မှု ၄၂ ကြိမ်နဲ့ စက္ကူဒါန အလှူတော် တစ်ကြိမ်အပါအဝင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများရဲ့ စာရင်းချုပ် စုစုပေါင်း ငွေကျပ် ၅၁၀၁၈ သိန်းအထိ ပံ့ပိုးခဲ့ကြောင်း သိရပါတယ်။

ဆက်လက်ဆောင်ရွက်

ပံ့ပိုးကုန်ကျငွေ တန်ဖိုးစာရင်းကို သို့ကလို တွက်ချက်နိုင်ပေမယ့် စေတနာရှင် အလှူရှင်များရဲ့ ကြီးမားတဲ့ စေတနာမေတ္တာကိုတော့ တွက်ချက်နိုင်ဖို့မလွယ်ကူပါဘူး။ ယခုတိုင်လည်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆက်လက် ဆောင်ရွက်နေဆဲပါ။

"ယောမြို့က ပြန်ခဲ့တယ်၊ ဆေးဝါးလည်း သူနားမလည်"လို့ဆိုကြပေမယ့် အင်္ဂပူမြို့က ပြန်ခဲ့တယ်၊ အခိုက်မှာတော့ ဒေသရဲ့ ဖွံ့ဖြိုးတိုးတက်မှု အဝဝကို ဂဃနဏ သိရှိနားလည်ခွင့်ရခဲ့ပါတယ်။

အကြောင်းတရားနဲ့ အကျိုးတရားတို့ရဲ့ ဒွန်တွဲဖြစ်ပေါ်မှုအရ တစ်ချိန်က အင်္ဂပူရမြို့အမည်ရခဲ့တဲ့ အင်္ဂပူမြို့ဟာလည်း မျက်မှောက်ကာလ ဖြစ်ထွန်းပေါ်ပေါက်လာခဲ့မှုအကြောင်းတရားကို မှီပြီး အနာဂတ်မှာ ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာဦးမှာ အမှန်ပါပဲ။

ကြည်နူးဝမ်းမြောက်

သို့ကလိုကြောင့် ထူးကြီး၊ မဲဇလီကုန်း၊ ကွင်းကောက်၊ မြစ်ကျိုးတိုက်နယ်ဒေသ အပါအဝင် အင်္ဂပူမြို့နယ် တစ်မြို့နယ်လုံးကလည်း ကြည်နူးဝမ်းမြောက်နေကြပါတယ်။ နိုင်ငံတော်အစိုးရ၊ ဝန်ကြီးနဲ့ စေတနာရှင် အလှူရှင်တို့အပေါ်လည်း အထူး ကျေးဇူးတင်လျက်ရှိနေကြပါတယ်။

ထူးကြီးမြို့ အခြေခံပညာ အထက်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲအထိမ်းအမှတ် လက်ကမ်းစာစောင်အတွင်းက "ထူးကြီးမြို့သား၊ စကားမကြွယ်၊ ဖွယ်ဖွယ်ရာရာ၊ မဆိုပါလဲ၊ ရင်တွင်းပီတိ၊ ဂွမ်းဆီထိသို့၊ သူ၏ကျေးဇူး ရှိခဲ့ဖူးပြီ" ဟူသည့် "ပီတိ" အမည်ရ ကဗျာတိုလေးက သက်သေပြုလျက်ရှိကြောင်းပါ။ ။

အင်္ဂပူမြို့အဝင်ရှိ ကျွန်းစိုက်ခင်းရှုမျှော်ခင်း။

မရမ်းကုန်းနှင့် တာမွေမြို့နယ်များအတွင်း သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၅

ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၄ ရက် နံနက်ပိုင်းတွင် မရမ်းကုန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးရုံးသို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ တာဝန်ရှိသူတို့က မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် ပတ်ဝန်းကျင်သန့်ရှင်းသာယာရေး၊ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များမှာကြားကာ အမှတ်(၁)ရပ်ကွက်အတွင်း ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ၊ ခြင်ဆေးဖျန်းလုပ်ငန်းများနှင့် ခြင်ထောင်ဆေးစိမ်လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းမှူးသည် တာမွေမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ တာဝန်ရှိသူတို့က မြို့နယ်အတွင်းသွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် ပတ်ဝန်းကျင်သန့်ရှင်းသာယာရေး၊ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များမှာကြားပြီး လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆုချီးမြှင့်

ထို့နောက် တိုင်းမှူးသည် လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် ပန်းချီရေးဆွဲပြိုင်ပွဲ ဆုရရှိသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဆုချီးမြှင့်ပွဲအခမ်းအနားတွင် တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူတို့က ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကာ ဆုရပန်းချီကားများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စက်တင်ဘာလထုတ်ကွန်ပျူတာဂျာနယ် ထွက်ရှိ

ရန်ကုန် စက်တင်ဘာ ၅

ကွန်ပျူတာနည်းပညာဆိုင်ရာ ဆောင်းပါးများ လက်တွေ့ကွန်ပျူတာ သင်ခန်းစာများ၊ ရုံးလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းများတွင် ကွန်ပျူတာအသုံးပြုသည့်အခါ ကြုံတွေ့ရသည့် အထွေထွေပြဿနာများ အကြောင်းများပါဝင်သည့် ကွန်ပျူတာဂျာနယ်ကို ထုတ်ဝေဖြန့်ချိထားကြောင်း သိရသည်။

ကွန်ပျူတာဂျာနယ် စက်တင်ဘာလထုတ်တွင် ပုံမှန်ပါဝင်နေကျ ကွန်ပျူတာသင်ခန်းစာများအပြင် ကွန်ပျူတာပရိုဂရမ်မင်းနှင့် ပတ်သက်သော သုတေသနပြုလေ့လာချက်ကို အကျယ်တဝင့် လေ့လာတင်ပြပေးထားသည်။ ယနေ့ကွန်ပျူတာသင်တန်းကျောင်းများ၊ နိုင်ငံတကာအဆင့်မီဟု ခေါ်ဆိုသော သင်တန်းများတွင် လေ့ကျင့်သင်ကြားပေးနေသော ကွန်ပျူတာပရိုဂရမ် ဘာသာရပ်များနှင့် ကွန်ပျူတာသင်တန်းကျောင်းများက သင်ကြားမပေးတော့သော ကွန်ပျူတာ ပရိုဂရမ်ဘာသာရပ်များ၏ အနေအထားကို လေ့လာသုံးသပ်တင်ပြထားသည်။

အထူးဆောင်းပါးအဖြစ် သာမန်တောသားလေးတစ်ယောက် တက္ကသိုလ်ဝင်တန်းတွင်ရော တက္ကသိုလ်တွင်ပါ သူလိုကိုယ်လို ကျောင်းသားတစ်ယောက်ဘဝကို ဖြတ်သန်းလာခဲ့သော်လည်း ဘဝအတွက်ရွေးချယ်မှုတွင် အမှန်ကန်ဆုံးရွေးချယ်နိုင်ခဲ့သဖြင့် ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ်အထိ တာဝန်ထမ်းဆောင်နိုင်ခဲ့သော ပညာရှင်တစ်ယောက်၏ ခံယူချက်၊ ရပ်တည်ချက်နှင့် လုပ်ဆောင်ချက်များ၊ ယခုအချိန်အထိ ဂျပန်နိုင်ငံ အိုဆာကာစီးတီး တက္ကသိုလ်တွင် ဧည့်ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်ဆဲဖြစ်သော ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ်(အငြိမ်းစား) ဒေါက်တာပိုက်တင်၏ ဘဝအကြောင်းအလှည့်အပြောင်းကို တွေ့ဆုံမေးမြန်း ဖော်ပြထားသည်။

ကွန်ပျူတာသမားများအတွက် နိုင်ငံတကာက ကွန်ပျူတာဟက်ကာများအကြောင်းနှင့် ဟက်ကာများ ပြုမူနေထိုင်ပုံသဘာဝများကို လေ့လာနိုင်အောင် သီးခြားဆောင်းပါးရှည်တစ်ပုဒ်ဖြင့် ဖော်ပြပေးထားသကဲ့သို့ အိုင်တီနှင့် အသက်မွေးဝမ်းကျောင်းပြုမည့် လူငယ်များ၊ ထိုလူငယ်များ၏ မိဘများအတွက် အိုင်တီဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများနှင့် ပတ်သက်ပြီး ဆရာဦးသောင်းတင်၏ ဆွေးနွေးချက် ဒုတိယပိုင်းကိုလည်း ဖော်ပြပေးထားသည်။ အိုင်တီဘွဲ့ရကျောင်းသားတစ်ယောက်အနေဖြင့် နိုင်ငံခြားပဲထွက်အလုပ်လုပ်မလား၊ ပြည်တွင်းမှာပဲ လုပ်မလား၊ ကိုယ်ပိုင်လုပ်ငန်းပဲ ထူထောင်မလားစသည့် လေ့လာစရာ၊ စဉ်းစားစရာ၊ တွေးဆစရာတွေကို အစဖော်လမ်းညွှန် တင်ပြထားသည်။

အိုင်တီနည်းပညာများ ထွန်းကားတိုးတက်လာသည်နှင့်အမျှ အင်တာနက်မှတစ်ဆင့် တိုက်ခိုက်ခြင်းအပါအဝင် ဆိုက်ဘာစစ်ပွဲများကို ရင်ဆိုင်နိုင်ရပုံ၊ ကာကွယ်မှုပြုပုံများနှင့် ပတ်သက်ပြီး ဖော်ပြထားသည့် ဆိုက်ဘာစစ်ပွဲအကြောင်း ဆောင်းပါးကိုလည်း ဖော်ပြပေးထားသည်။ ထို့အပြင် ကွန်ပျူတာနှင့် အိုင်တီအသုံးချ လုပ်ငန်းများတွင် လုပ်ငန်းစီမံချက်တစ်ခုကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင် မည်ကဲ့သို့စီမံခန့်ခွဲ လုပ်ဆောင်ရမည်ဆိုသည့်အချက်နှင့် ပတ်သက်၍လည်း အသေးစိတ်ဆောင်းပါးများဖြင့် ဖော်ပြပေးထားသည်။

ကွန်ပျူတာဂျာနယ်ကို စာအုပ်ဆိုင်များ၊ စူပါမားကက်များတွင် ဝယ်ယူရရှိနိုင်ပြီး တစ်ဦးချင်း အိမ်အရောက် မှာကြားဖတ်ရှုလိုသူများအနေဖြင့် Novel Light Express ဖုန်း-၃၉၁၁၈၆နှင့် ၀၉-၅၀၈၀၈၅၀တို့သို့ ဆက်သွယ်မှာကြားပါက စာအုပ်ဆိုင်တွင်ရောင်းသော မူရင်းဈေးအတိုင်း အိမ်တိုင်ရာရောက် ပို့ပေးမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပုသိမ်မြို့ မဟာဗန္ဓုလလမ်းဘေး ဝဲ၊ ယာ ရှိ မြေယာရှူခင်းများ၌ ရာသီအလိုက် ပန်းအလှပင်များ လဲလှယ်ခြင်းလုပ်ငန်းကို ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အငယ်တန်းအင်ဂျင်နီယာ (၂) ဦးသန်းဝင်းဌေးနှင့် ဝန်ထမ်းများ ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးအောင်မင်းနိုင် ကြီးကြပ်ဆောင်ရွက်စဉ်။ (သတင်းစဉ်)

ကျေးရွာစာကြည့်တိုက် ၁၀(၅)ရပ် ပြည့်မီရေး မိတ္ထီလာမြို့နယ်၌ ကွင်းဆင်းဆောင်ရွက်

မိတ္ထီလာ စက်တင်ဘာ ၅

မိတ္ထီလာမြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များ ၁၀(၅)ရပ်နှင့်အညီ ရှင်သန်ခိုင်မာရေးအတွက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးမောင်မောင်နှင့်ဝန်ထမ်းများမှ ဩဂုတ် ၂၀ ရက်က သပြေပင်ကျေးရွာ ဦးဥတ္တမသာရ စာကြည့်တိုက်သို့ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ခရိုင်ဦးစီးအရာရှိ ဦးမောင်မောင်က ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး၊ သတင်းစာနှင့် ဒို့ကျေးရွာဂျာနယ် ရောက်ရှိရေးတို့ကို စည်းရုံးဆောင်ရွက်ပြီး စာအုပ်၊ စာစောင်မျိုးစုံ ၁၀၀ ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးမြင့်ဇော်က လက်ခံယူသည်။

ဆက်လက်၍ စာကြည့်တိုက်အတွက် အလှူရှင်များက စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းရာ ကျေးရွာပြည်သူများက သတင်းစာ တစ်နှစ်စာအတွက် ငွေကျပ် ၂၄၀၀၀၊ ဦးမင်းအောင်က ဒို့ကျေးရွာဂျာနယ် တစ်နှစ်စာအတွက် ငွေကျပ် ၄၈၀၀ ကျပ်တို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ (ခရိုင်ပြန်/ဆက်)

ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် ပန်းချီရေးဆွဲပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

◆ ကျောဖုံးမှ

ကြီးကြပ်ရေးမှူး ဦးကျော်မင်းဦးက ရော်ဘာ ကိုင်းပွားခင်း၊ ပျိုးခင်းများ၊ နည်းပညာအသုံးချ လက်တွေ့ပြစုပေးနေသည်ကို တွေ့ရသည်။

ဒေသတွင်ပျိုးပင်၊ ပျိုးထုတ်လုပ်နိုင်ရန် မြန်မာ့နှစ်ရှည်ပင်မှ အဖူးကူးနည်းစနစ်များကို လုပ်ငန်းခွင်အရောက် လာရောက်၍ အခမဲ့သင်ကြားပြသပေးလျက်ရှိနေသည်။ ဒေသရှိ ငွေကြေးရင်းနှီးမြှုပ်နှံမှု အင်အားနည်းပါးကြသော တစ်နိုင်တစ်ပိုင် လုပ်ကိုင်ကြသည့် တိုင်းရင်းသားတောင်သူများအဖို့ ပိုမိုအကျိုးဖြစ်စေသည်။

စက်မှုကုန်ကြမ်းရော်ဘာသည် နှစ်စဉ်နှင့်အမျှ တိုး၍တိုး၍သာ ဝယ်လိုအားမြင့်တက်နေသော အခြေအနေရှိသည်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ထိစပ်လျက်ရှိသော ယူနန်ပြည်နယ်သည် စက်မှုကုန်ကြမ်းရော်ဘာကို မလေးရှား၊ အင်ဒိုနီးရှားနှင့် ထိုင်းတို့မှ ရယူနေကြရသည်။

မည်သို့ဆိုစေ ကမ္ဘာပေါ်တွင် ရော်ဘာသုံးစွဲမှုအများဆုံး တရုတ်နိုင်ငံနှင့် နယ်နိမိတ် ထိစပ်နေသော ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွက် မြန်မာ့နှစ်ရှည်ပင်မှ ပံ့ပိုးမှုဖြင့် မရှေးမနှောင်းသော ကာလမှပင် ဒေသ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ခေါ်ဆောင်နိုင်သော စက်မှုကုန်ကြမ်းသီးနှံအဖြစ် ရပ်တည်လာမည်ဖြစ်ကြောင်း နိမိတ်စကား ဆိုရပါသည်။ ။

သာစည်မြို့နယ် သပြေဝကျေးရွာ အလကကျောင်းခွဲဖွင့်လှစ်ပွဲကျင်းပ

သာစည် စက်တင်ဘာ ၅

သာစည်မြို့နယ် သပြေဝကျေးရွာအုပ်စု သပြေဝကျေးရွာ အလယ်တန်းကျောင်းခွဲ၌ အခြေခံပညာအလယ်တန်းကျောင်းခွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၂ ရက် နံနက် ၉ နာရီတွင် ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းအေးနှင့် ဟံဇားကျေးရွာ အထက်တန်းကျောင်းအုပ်ကြီး ဦးလင်းတို့က အခြေခံပညာ အလယ်တန်းကျောင်းခွဲ ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးပေါက်ကျော်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းအေးက အလယ်တန်းကျောင်းခွဲ ဖွင့်လှစ်ရခြင်းနှင့် ဟံဇားကျေးရွာ အထက်တန်းကျောင်းအုပ်ကြီး ဦးလင်းတို့က ပညာရေးရာကိစ္စရပ်များကို ပြောကြားသည်။ ယင်းနောက် ကျေးရွာပြည်သူများ ကိုယ်စား ဒေသခံရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးသိန်းအောင်က ကျေးဇူးတင်စကားပြောကြားကြောင်း သိရသည်။ (မြို့နယ်ပြန်/ဆက်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆-၉-၂၀၁၀ (တနင်္လာနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ရတနသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "ဆရာတော်ဓမ္မဒူတ အရှင်ပညာဝရ ဟောကြားတော်မူသော" တရားတော်
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၅)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၉၉)**
- ၈း၄၀ ကိုယ်ရောက်နေတဲ့ကိုယ့်နေရာ (ဇောတိကကုမ္ပဏီဥက္ကဋ္ဌ ဦးခင်လှိုင်နှင့် တွေ့ဆုံခြင်း) (အပိုင်း-၁)
- ၈း၅၀ အရည်အသွေးပြည့်ဝသည့် သာယာဝတီမြို့မှ စက်မှု(၁)၏ ကြွေပြားအလှ
- ၉း၁၀ ဒရမ်တီးခတ်နည်း. . . (အခြေခံမှ အဆင့်မြင့်)
- ၉း၂၀ Activities In The City (ပျဉ်းမနားမြို့နယ် အသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်း ဆက်ကပ်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ)
- ၉း၃၅ ကျန်းမာရေးကဏ္ဍ (အသည်းကျစ်ရောဂါနှင့် Fibroscan အကြောင်း သိကောင်းစရာ)
- ၁၀း၀၅ မြန်မာနိုင်ငံ စီးပွားရေးတက္ကသိုလ် ဘွဲ့ရများအသင်း(MIEGA) စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောပွဲ (၂/၂၀၁၀)
- ၁၀း၂၀ The Champion of Dance
- ၁၁း၀၀ Celebrity Choice(ဂန္ထဝင်)
- ၁၁း၃၀ ထီးကလေး(ခန့်စည်သူ၊ ထက်ထက်မိုးဦး)(ဒါရိုက်တာ-အကယ်ဒမီဇော်မြင့်ဦး)
- ၁း၀၀ "ဆရာတော်ဓမ္မဒူတ အရှင်ပညာဝရ ဟောကြားတော်မူသော" တရားတော်
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ သူတို့ဘဝ သူတို့ဟာသ (ဦးစိန်ရိုး)
- ၂း၅၅ FMF Selection
- ၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ဘာ" (အပိုင်း-၅)**
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၉၉)**
- ၄း၄၀ မိုးအလှပန်းချီ တေးကိုသီ
- ၄း၅၀ ဧဒင်၏ ရေကုထုံး
- ၅း၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ Sunday Talk
- ၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၆)**
- ၇း၁၅ ဗီဒီယိုပြခန်း
- ၇း၃၀ အနုပညာမိုးကောင်းကင်
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ စကားနပန်း (ကိုယ်ပိုင်ကားရှိတာ ကောင်းတယ်၊ ကိုယ်ပိုင်ကားမရှိတာ ကောင်းတယ်)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၀၀)**
- ၁၀း၁၀ ပေးဆပ်ခြင်းသည် (လူမင်း၊ ထက်ထက်မိုးဦး) [ဒါရိုက်တာ-ကျော်ဇောလင်း (အတွေးပုံရိပ်)]
- ၁၁း၄၀ ကိုယ်ရောက်နေတဲ့ကိုယ့်နေရာ (ဇောတိကကုမ္ပဏီဥက္ကဋ္ဌ ဦးခင်လှိုင်နှင့် တွေ့ဆုံခြင်း) (အပိုင်း-၁)
- ၁၁း၅၀ ဈေးဝယ်လမ်းညွှန် (RICHY Fashion Square)
- ၁၂း၂၀ နည်းပညာသစ်ဆန်း MSP အစွမ်း
- ၁၂း၃၅ စာအုပ်ပြခန်း (အလင်္ကာဝတ်ရည်မဂ္ဂဇင်း)
- ၁၂း၅၅ အရည်အသွေးပြည့်ဝသည့် သာယာဝတီမြို့မှ စက်မှု(၁)၏ ကြွေပြားအလှ
- ၁း၁၅ International Show Biz
- ၁း၃၀ ဒရမ်တီးခတ်နည်း. . . (အခြေခံမှ အဆင့်မြင့်)
- ၁း၄၅ မြန်မာနိုင်ငံ စီးပွားရေးတက္ကသိုလ် ဘွဲ့ရများအသင်း(MIEGA) စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောပွဲ (၂/၂၀၁၀)
- ၂း၀၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (လေးလေးနွယ်)
- ၂း၂၅ Rh(Negative) သွေးလိုအပ်ခြင်း အကြောင်း သိကောင်းစရာ
- ၂း၄၅ ဇီဝမျိုးစုံမျိုးကွဲပြတိုက် (လှော်ကားဥယျာဉ်)
- ၂း၅၅ ဂုံညင်းတန်းတံတား
- ၃း၀၀ ဖြတ်လျှောက်ရုံလေးပဲ လျှောက်ဖြစ်တော့မှာပါ (မေသန်းနု၊ ပန်းဖြူ၊ ကျော်ဇေယျ၊ ဦးခိုင်တင်) [ဒါရိုက်တာ-မောင်မောင်ဦး(စန္ဒီးဗိုက်)]
- ၃း၀၅ မှတ်မှတ်ရရရှိစေဖို့ ကယားဒေသဟင်းထုပ်
- ၃း၁၅ ယဉ်ကျေးမှုအနုလက်ရာစုံစွာ ဘုရားအာနန္ဒာ
- ၃း၃၀ Activities In The City (ပျဉ်းမနားမြို့နယ်အသင်း (ရန်ကုန်)၏ ဝါဆိုသင်္ကန်း ဆက်ကပ်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ)
- ၃း၄၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အီလက်ထရွန်နစ်လူသုံးကုန်ပစ္စည်းများ အရောင်းပြပွဲဖွင့်ပွဲ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင် တက်ရောက်

နေပြည်တော် စက်တင်ဘာ ၅

စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်သည် စက်တင်ဘာ ၂ ရက်တွင် မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် အီလက်ထရွန်နစ် လူသုံးကုန်ပစ္စည်းများ အရောင်းပြပွဲဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တာဝန်ရှိသူတို့က အရောင်းပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဧည့်သည်များသည် အရောင်းပြပွဲအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ တိုင်းမှူးသည် တာဝန်ရှိသူများလိုက်ပါလျက် ယင်းမာပင်မြို့နယ် အောင်ဇေယျ အိမ်ရာစီမံကိန်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးက လိုအပ်သည်များကို မှာကြားပြီး စစ်မှုထမ်းဟောင်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဆောက်လုပ်ပြီးအိမ်ရာများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့သည် ပုသိမ်-မုံရွာလမ်းမကြီး ဖောက်လုပ်ခြင်း စီမံကိန်း (စစ်ကိုင်းတိုင်းဒေသကြီး) အပိုင်းသို့ ရောက်ရှိပြီး စီမံကိန်းရှင်းလင်းဆောင်၌ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ယင်းမာပင်မြို့နယ် ပုသိမ်-မုံရွာလမ်း မြောက်ယမားချောင်း တံတား တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက စီမံကိန်းပြီးစီးမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးသည် တံတားဆောက်လုပ်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အရောင်းပြပွဲဖွင့်

စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင် မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် အီလက်ထရွန်နစ် လူသုံးကုန်ပစ္စည်းများ အရောင်းပြပွဲ ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်စဉ်။

(သတင်းစဉ်)

ခရမ်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ပညာသင်ထောက်ပံ့ငွေ ပေးအပ်

ရန်ကုန် စက်တင်ဘာ ၅

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ရန်ကုန်တိုင်းဒေသကြီး (စည်ပင်ပြင်ပ)နှင့် ခရမ်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့တို့က ၂၀၁၀ ခုနှစ်အတွက် အဖွဲ့ဝင်များ၏ သားသမီးများအား ပညာသင်ထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၁၃ ရက် နံနက် ၁၁ နာရီတွင် မြို့နယ်စစ်မှုထမ်းဟောင်းရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ တပ်ကြပ်ကြီး တင်အောင်(ငြိမ်း)က အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး (စည်ပင်ပြင်ပ)မှ ထောက်ပံ့ငွေကျပ် ၁၂၀၀၀၀ နှင့် မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ ထောက်ပံ့ငွေကျပ် ၅၀၀၀၀ ကို မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ အတွင်းရေးမှူး တပ်ကြပ် မင်းအောင်(ငြိမ်း)က ပညာသင်ကျောင်းသား၊ ကျောင်းသူများအားပေးအပ်ခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

(သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ မြို့မဈေးကြီးအတွင်း ဆားရောင်းချသည့်ဆိုင်များရှိ အိုင်အိုဒင်းဆား အရည်အသွေးစစ်ဆေးခြင်းကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယဦးစီးမှူး(ဈေး) ဦးခင်မောင်အေး၊ ဈေးတာဝန်ခံ ဦးဝင်းမြင့်ထွန်းနှင့် မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်သူနာပြု ဒေါ်နော်ဆဲဂေး ခေါင်းဆောင်သော ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ကြစဉ်။

(သတင်းစဉ်)

အကြိတ်အနယ်ကစားပြီး မကွေးကို အနိုင်ယူခဲ့သည့် ဥသာယူနိုက်တက်

ရန်ကုန် စက်တင်ဘာ ၅

၂၀၁၀ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ် (၁၅) ကို ယနေ့ညနေပိုင်းတွင် ဆက်လက်ကျင်းပရာ သုဝဏ္ဏကွင်း၌ ဇေယျာရွှေမြေနှင့် Southern Myanmar တို့ နှစ်ဂိုးစီသရေကျသွားပြီး တောင်ကြီးမြို့ရှိ KBZ ကွင်း၌ ဥသာယူနိုက်တက်က မကွေး F.C ကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

(သုဝဏ္ဏကွင်း)

Southern Myanmar - **နှစ်ဂိုး**

(အောင်ရဲထွဋ်နှင့် ပရင့်ဇ်)

ဇေယျာရွှေမြေ - နှစ်ဂိုး

(ကျော်ဇင်ဝင်းနှင့် ရာဇာဝင်းသိန်း)

လူမစုံသော်လည်း Southern Myanmar အသင်းမှာ ခြေစွမ်းပြသွားပြီး ဇေယျာရွှေမြေအသင်း၏ နိုင်ပွဲရရှိရာ မျှော်လင့်ချက်ကို ရိုက်ချိုးသွားနိုင်ခဲ့သည်။ အမှတ်ပေးဇယားထိပ်မှ အသင်းများနှင့် အမှတ်ကွာဟမှု ကျဉ်းမြောင်းနိုင်မည့် အခွင့်အရေးကို ဇေယျာရွှေမြေအသင်း ရယူနိုင်ခြင်းမရှိဘဲ နောက်ကျချေပဂိုးကြောင့်သာ သရေတစ်မှတ်ရခဲ့ခြင်းဖြစ်သည်။

အမာခံ ကစားသမားများဖြစ်သည့် ဆီတာနှင့် ဇာနည်မင်းတို့ ဒဏ်ရာကြောင့် မပါဝင်နိုင်သော်လည်း Southern အသင်းမှာ ဇေယျာရွှေမြေဂိုးပေါက်ကို ပွဲစကတည်းက ခြိမ်းခြောက်နိုင်ခဲ့သည်။ ၁၄ မိနစ်မှာပင် Southern တို့ ဂိုးရခဲ့ပြီး အောင်ရဲထွဋ်က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ဇေယျာရွှေမြေအသင်းမှာ ပထမပိုင်းတွင် အချိတ်အဆက် လွဲချော်နေပြီး ကွင်းလယ်ဖန်တီးရှင် ရာဇာဝင်းသိန်း မပါ၍ တိုက်စစ်အား ပျော့ခဲ့ရသည်။ တိုက်စစ်တွင် အားထားရသည့် ဗစ်တာနှင့် ကီမယ်လ်တို့မှာလည်း ခြေစွမ်းမပြနိုင်၍ ပထမပိုင်းတွင် ဇေယျာရွှေမြေအသင်း ချေပဂိုး ပြန်မသွင်းနိုင်ခဲ့ပေ။

မကွေးအသင်းမှ အဘိုလာဂျီ၏ ဂိုးသွင်းရန်ကြိုးပမ်းမှုကို ဥသာဂိုးသမားနှင့် နောက်ခံလူများ ကာကွယ်စဉ်။ (ကြေးမုံ)

ဒုတိယပိုင်းတွင် ရာဇာဝင်းသိန်း ဝင်လာ၍ ဇေယျာရွှေမြေကစားပုံ ပိုကောင်းလာပြီး ၅၅ မိနစ်တွင် ကျော်ဇင်ဝင်းက ခေါင်းတိုက်ပြီး ချေပဂိုးပြန်လည်သွင်းယူခဲ့သည်။ ၈၄ မိနစ်တွင် လူစားဝင်လာသူ ပရင့်ဇ်က ဦးဆောင်ဂိုး ထပ်သွင်းခဲ့သော်လည်း ပွဲပြီးခါနီးတွင် ရာဇာဝင်းသိန်းက ဇေယျာရွှေမြေအတွက် ချေပဂိုး ပြန်သွင်းပေးခဲ့၍ နှစ်ဂိုးစီ သရေကျခဲ့ခြင်းဖြစ်သည်။

KBZ ကွင်း

ဥသာယူနိုက်တက် - သုံးဂိုး

မကွေး - နှစ်ဂိုး

ဒုတိယအကျော့အစတွင် ရလဒ်မကောင်းခဲ့သော်လည်း ဥသာယူနိုက်တက်အသင်းမှာ ပုံမှန်ခြေစွမ်းပြန်ရနေပြီး ရှုံး/ထွက်ပွဲအပါအဝင် သုံးပွဲဆက် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ယခုပွဲ အနိုင်ရလဒ်ကြောင့် ဥသာအသင်းမှာ အမှတ်ပေးဇယား အဆင့် (၆)နေရာသို့ ရောက်ရှိလာခဲ့သည်။ ဥသာအတွက် ဂိုးများကို တိုက်စစ်မှူး လစ်ပီလစ်ပီက ၁၆ မိနစ်နှင့် ၆၁ မိနစ်တို့တွင် နှစ်ဂိုးသွင်းယူခဲ့ပြီး ၆၆ မိနစ်တွင် မိုင်းအိုက်ခိုင်က အနိုင်ဂိုးကို သွင်းယူခဲ့သည်။ မကွေးအသင်းအတွက် ဂိုးများကို ခိုင်ဇော်ထွန်းက ၁၈ မိနစ်နှင့် ၅၂ မိနစ်တို့တွင် သွင်းယူခဲ့သည်။ (ကြေးမုံ)

ပွဲစဉ် (၁၅) အပြီး အသင်းများ၏ ရပ်တည်မှု

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
ရတနာပုံ	၁၄	၉	၄	၁	၃၀	၁၀	၃၁
ကမ္ဘောဇ	၁၄	၉	၃	၂	၂၀	၆	၃၀
ဇေယျာရွှေမြေ	၁၃	၇	၅	၁	၂၅	၁၂	၂၆
ရန်ကုန်ယူနိုက်တက်	၁၃	၆	၅	၂	၂၃	၆	၂၃
Southern Myanmar	၁၄	၆	၄	၄	၂၈	၂၀	၂၂
ဥသာယူနိုက်တက်	၁၄	၆	၂	၆	၂၀	၂၂	၂၀
မကွေး	၁၃	၆	၂	၅	၂၃	၂၆	၂၀
Delta United	၁၃	၅	၂	၆	၁၈	၂၀	၁၇
မနောမြေ	၁၄	၅	၁	၈	၂၀	၃၃	၁၆
နေပြည်တော်	၁၄	၁	၂	၁၁	၁၅	၂၅	၅
ဇွဲကပင်ယူနိုက်တက်	၁၄	-	-	၁၄	၇	၄၇	-

၈-၉-၂၀၁၀

MFF Max Cement Cup ရှုံးထွက်ပြိုင်ပွဲ

(သုဝဏ္ဏကွင်း) Southern Myanmar-ရန်ကုန်ယူနိုက်တက်

(အောင်ဆန်းကွင်း) ရက္ခပူရ - ကမ္ဘောဇ

အသည်းရောင်အသားဝါ (ဘီ)ပိုးနှင့် (စီ)ပိုးကာကွယ်ရေး နှိုးဆော်ချက်

အသည်းရောင်အသားဝါ ရောဂါဖြစ်စေသော ရောဂါပိုးများတွင် အသည်းရောင်အသားဝါ (ဘီ)ပိုးနှင့် (စီ)ပိုးများလည်းပါဝင်သည်။ (ဘီ)နှင့် (စီ)ဗိုင်းရပ်(စ်)ပိုးများသည် တစ်ဦးနှင့်တစ်ဦးသွေးနှင့်ကိုယ်တွင်းအရည်များမှတစ်ဆင့် ကူးစက်နိုင်သည်။ အသည်းရောင်အသားဝါဖြစ်ရာမှ အသည်းခြောက်ခြင်း၊ အသည်းကင်ဆာဖြစ်ခြင်းကြောင့် သေဆုံးသည်အထိ အန္တရာယ်ရှိသည်။

သို့ဖြစ်၍ အသည်းရောင်အသားဝါ (ဘီ)ပိုးနှင့် (စီ)ပိုး ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်ရန်အတွက်-

(က) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုစိုက်ပါ။ သွားပွတ်တံ စသည်တို့ကို သီးခြား အသုံး မပြုလျှင် ကူးစက်တတ်သည်ကို သတိပြုပါ။

(ခ) လိင်ဆက်ဆံရာမှ ကူးစက်တတ်သည်ကို သတိပြုပါ။

(ဂ) အပ်စိုက်၊ ဆေးထိုးဆေးသွင်းရာမှ ကူးစက်တတ်သဖြင့် သန့်ရှင်းသော တစ်ခါသုံးအပ်များ ကိုသာ အသုံးပြုပါ။

(ဃ) သွေးမှတစ်ဆင့်ကူးစက်မှုကို ကာကွယ်ရန်အတွက် သန့်စင်သော သွေးရရှိရန်ဆောင်ရွက်ပါ။

(င) ရောဂါကာကွယ်ကုသရန်အတွက် နီးစပ်ရာကျန်းမာရေးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ပါ။

ကျန်းမာရေးဝန်ကြီးဌာန

တိုင်းမှူးဖလား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲ တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း တက်ရောက်

နေပြည်တော်　စက်တင်ဘာ　၅

အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဖလား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာ ၂ ရက် ညနေပိုင်းတွင် ပုသိမ်မြို့ တိုင်းစစ်ဌာနချုပ် ဘောလုံးကွင်း၌ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မောင်ဝင်း၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်ရင်း/တပ်ဖွဲ့မှူးများနှင့် အရာရှိ၊ စစ်သည် မိသားစုဝင်များတက်ရောက်၍ ဗိုလ်လုပွဲယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးကြသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုပေးပွဲကိုကျင်းပရာ တာဝန်ရှိသူများက တတိယဆုရအသင်း၊ ဒုတိယဆုရအသင်းနှင့် တစ်ဦးချင်းဆုများကို ပေးအပ်ချီးမြှင့်ကြပြီး တိုင်းမှူးက ပထမဆုရအသင်းအား တံခွန်စိုက်ဖလားပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဖလား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ပထမဆုရရှိသည့်အသင်းအား တံခွန်စိုက်ဖလား ပေးအပ်စဉ်။
(သတင်းစဉ်)

၂၀၁၀ ခုနှစ် (၁၅)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန်　စက်တင်ဘာ　၅

၂၀၁၀ ခုနှစ် (၁၅)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် တက်ရောက်သည်။

ရှေးဦးစွာ ပြိုင်ပွဲဝင် အားကစားအသင်းများ ကွင်းအတွင်း ဝင်ရောက်နေရာယူကြပြီးနောက် ယမန်နှစ် ချန်ပီယံအသင်းများဖြစ်ကြသော ဧရာဝတီတိုင်းဒေသကြီး အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီး အမျိုးသမီးအသင်း၊ ကချင်ပြည်နယ် အမျိုးသားအသင်းနှင့် အမျိုးသား/အမျိုးသမီး စုပေါင်းတံခွန်စိုက်ဒိုင်းဆု ရရှိသော ရန်ကုန်တိုင်းဒေသကြီး အသင်းတို့က တံခွန်စိုက်ဒိုင်းဆုများကို ပြန်လည်အပ်နှံကြရာ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က လက်ခံသည်။

ဖွင့်လှစ်

ယင်းနောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူးက အဖွင့်အမှာစကားပြောကြားကာ ပြိုင်ပွဲကိုဖွင့်လှစ်ပေးပြီး တာဝန်ရှိသူများနှင့်အတူ ပြိုင်ပွဲဝင်အသင်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် ပြိုင်ပွဲဝင်အသင်းများသည် အားကစားသစ္စာအဓိဋ္ဌာန် လေးချက်ကို ရွတ်ဆိုကြပြီး ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကြကာ ပြိုင်ပွဲကို စတင်ကျင်းပသည်။

၂၀၁၀ ခုနှစ် (၁၅)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် အမျိုးသား/ အမျိုးသမီး စုပေါင်းတံခွန်စိုက်ဒိုင်းဆု ရရှိသော ရန်ကုန်တိုင်းဒေသကြီး အသင်းအား တံခွန်စိုက်ဒိုင်းဆုများနှင့် ဆင့်ပွားဒိုင်းဆုများကို ပေးအပ်ချီးမြှင့်စဉ်။
(သတင်းစဉ်)

အဆိုပါပြိုင်ပွဲ၏ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ညနေ ၃ နာရီခွဲတွင် ကျင်းပရာ ပြိုင်ပွဲများတွင် ဆုရရှိကြသူများနှင့် အမျိုးသမီးအကောင်းဆုံး အားကစားသမားဆုရရှိသော ၇၀ ကီလိုတန်းမှ မယုယုမွန် (ရန်ကုန်တိုင်းဒေသကြီး)နှင့် အမျိုးသားအကောင်းဆုံး အားကစားသမားဆုရရှိသော ၃၅ ကီလိုတန်းမှ ဇင်ကိုဝင်း (ဧရာဝတီတိုင်းဒေသကြီး)တို့အား တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် အမျိုးသမီးအသင်းလိုက် ပြိုင်ပွဲတွင် ရွှေတံဆိပ် သုံးခု၊ ငွေတံဆိပ် နှစ်ခု၊ ကြေးတံဆိပ် နှစ်ခုဖြင့် ပထမရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းအား မြန်မာနိုင်ငံ အမျိုးသမီးအားကစား အဖွဲ့ချုပ်နာယက ဒေါ်ရွှေသက်က လည်းကောင်း၊ အမျိုးသားအသင်းလိုက် ပြိုင်ပွဲတွင် ရွှေတံဆိပ် သုံးခု၊ ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် လေးခုဖြင့် ပထမရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းအား မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းကလည်းကောင်း၊ ရွှေတံဆိပ် ခြောက်ခု၊ ငွေတံဆိပ် သုံးခု၊ ကြေးတံဆိပ် ခြောက်ခုဖြင့် အမျိုးသား/အမျိုးသမီး စုပေါင်းတံခွန်စိုက်ဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းအား ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က လည်းကောင်း တံခွန်စိုက်ဒိုင်းဆုများနှင့် ဆင့်ပွားဒိုင်းဆုများကို ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများ အနေဖြင့် လမ်းဖြတ်ကူးခြင်းမပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှု အတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြထိန်းသိမ်းမှု မရှိသောနေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

မုတ်သုံလေ အားအသင့်အတင့်ရှိမည်

နေပြည်တော်　စက်တင်ဘာ　၅

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းဒေသကြီးတွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ဒေသအလိုက်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** သထုံမြို့တွင် ၆ ဒသမ ၇၃ လက်မ၊ ပေါင်မြို့တွင် ၅ ဒသမ ၃၉ လက်မ၊ လောင်းလုံမြို့တွင် ၄ ဒသမ ၀၂ လက်မ၊ ဘားအံမြို့တွင် ၃ ဒသမ ၇၀ လက်မ၊ ဂွမြို့တွင် ၃ ဒသမ ၁၉ လက်မ၊ ထားဝယ်မြို့တွင် ၂ ဒသမ ၁၆ လက်မနှင့် မော်လမြိုင်မြို့တွင် ၁ ဒသမ ၈၉ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

စက်တင်ဘာ ၆ ရက် ညနေထိခန့်မှန်းချက်။ ။ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် (၃၆ဒသမသုညဒီဂရီစင်တီဂရိတ်)	၉၇ဒီဂရီဖာရင်ဟိုက်	၄-၉-၂၀၁၀
အနိမ့်ဆုံးအပူချိန် (၂၅ဒသမသုညဒီဂရီစင်တီဂရိတ်)	၇၇ဒီဂရီဖာရင်ဟိုက်	၅-၉-၂၀၁၀
၉း၃၀ နာရီအချိန် စိုထိုင်းဆ	၈၄ ရာခိုင်နှုန်း	၅-၉-၂၀၁၀
မိုးရေချိန်	သုည ဒသမ ၅၉ လက်မ	၅-၉-၂၀၁၀

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်(၃၀ဒသမ၅ဒီဂရီစင်တီဂရိတ်)	၈၇ ဒီဂရီဖာရင်ဟိုက်	၄-၉-၂၀၁၀
အနိမ့်ဆုံးအပူချိန်(၂၄ဒသမ ၃ဒီဂရီစင်တီဂရိတ်)	၇၆ဒီဂရီဖာရင်ဟိုက်	၅-၉-၂၀၁၀
၉း၃၀ နာရီအချိန် စိုထိုင်းဆ	၈၈ ရာခိုင်နှုန်း	၅-၉-၂၀၁၀
နေပူသည့်နာရီပေါင်း	သုညဒသမ၃နာရီခန့်	၄-၉-၂၀၁၀

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၅-၉-၂၀၁၀	၂ မမ (သုည ဒသမ ၀၈လက်မ)	၂ မမ (သုည ဒသမ ၀၈ လက်မ)	၆မမ (သုညဒသမ ၂၃ လက်မ)
၁-၁-၂၀၁၀မှ ယနေ့အထိ	၁၅၄၇မမ (၆၀ဒသမ ၉၁လက်မ)	၁၇၂၈မမ (၆၈ဒသမ၀၃လက်မ)	၁၉၉၂မမ (၇၈ဒသမ၄၂လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၄-၉-၂၀၁၀ ရက် ၁၂း၃၀ နာရီအချိန်တွင် အနောက်တောင်ဘက်မှ တစ်နာရီ ရှစ်မိုင်နှုန်းတိုက်ခတ်သည်။

တစ်ချက်တည်းကျင်းဝင်

နေပြည်တော်　စက်တင်ဘာ　၅

ဦးအောင်ကျော်ဆန်းသည် ကစားဖော်များဖြစ်ကြသော ဦးစံလွင်၊ ဦးလှရီနှင့် ဦးပေါလုချမ်းတို့နှင့်အတူ ဩဂုတ် ၂၇ ရက်တွင် ကယားပြည်နယ် လွိုင်ကော်ဂေါက်ကွင်း၌ ဂေါက်သီးရိုက်ကစားစဉ် Srixon (1) ဘောလုံးကို Maruman No.8 သံတုတ်ဖြင့် ရိုက်လိုက်ရာ ကိုက် ၁၃၀ အကွာရှိ ကျင်းအမှတ် (၁၃)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နေပြည်တော်မြန်မာ့အသံရေဒီယိုအစီအစဉ်

(တနင်္လာနေ့-နံနက်-နေ့လယ်-ည)

၆-၉-၂၀၁၀

- ၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
- ၇း၀၅ တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ တရားတော် (မောရသုတ်နှင့်ဂုဏ်တော်ကွန်ချာ)
- ၇း၃၀ ဓမ္မပူဇာတေးပဒေသာ (၃၈)ဖြာမင်္ဂလာ
- ၇း၃၅ နံနက်ခင်းတေးပဒေသာ
- ၈း၀၀ စံတော်ချိန်+သတင်း
- ၈း၁၀ နံနက်ခင်းတေးပဒေသာ
- ၁၀း၀၀ အမှတ်တရတေးလက်ဆောင်
- ၁၀း၃၀ သတင်းစာအာဘော်
- ၁၀း၃၅ တေးပဒေသာ
- ၁၀း၄၅ လယ်ယာစီးပွား (ချဉ်ပေါင်လျှော်တိုးချဲ့စိုက်ပျိုးရေး) တေးသီချင်း
- ၁၁း၀၀ နေ့လယ်ခင်းသတင်း
- ၁၁း၁၀ မေတို့တွက်တာအလှကမ္ဘာ (သွေးအမျိုးအစားအလိုက် Diet လုပ်နည်း)
- ၁၁း၂၀ နေ့လယ်ခင်းတေးပဒေသာ
- ၁၁း၃၀ သိပ္ပံပညာသိကောင်းစရာ (သိပ္ပံသတင်းအတိုအထွာ)
- ၁၁း၄၀ တေးပဒေသာ
- ၁၂း၀၀ စံတော်ချိန် သိမှတ်ဖွယ်ရာနိုင်ငံရေးရာ
- ၁၂း၁၅ အလုပ်အကိုင်အခွင့်အလမ်း (ကျန်းမာရေး)
- ၁၂း၂၀ တေးပဒေသာ
- ၁၂း၃၀ အားကစားသတင်းပဒေသာ
- ၁၂း၄၀ နေ့လယ်ခင်းတေးပဒေသာ
- ၁း၀၀ မွန်းလွဲပိုင်းသတင်း
- ၁း၁၀ ပညာရေးအစီအစဉ် (တတိယတန်း-သမိုင်း) တေးပဒေသာ
- ၁း၃၀ အစီအစဉ်ပြီး၏။
- ၄း၀၀ အဖွင့်တီးလုံး+ ကြေညာချက် ညနေခင်းတေးပဒေသာ
- ၄း၃၀ သောတရှင်လိုရာတေး
- ၅း၀၀ သန့်စွမ်းကျန်းမာကိုယ်ခန္ဓာ (အလေးမခြင်းရဲ့ကောင်းကျိုးများ)
- ၅း၁၀ ဇာနည်စစ်သည်တေးပန်းချီ
- ၅း၂၅ သတင်းစာဆောင်းပါး
- ၅း၃၅ အင်္ဂလိပ်စာသုတပဒေသာ(၂၃) ညနေခင်းတေးပဒေသာ
- ၆း၀၀ ညနေခင်းသတင်း
- ၆း၁၀ တေးချစ်သူရွှေသီတေးပန်းချီ တေးပဒေသာ
- ၇း၀၀ နိုင်ငံတကာသတင်း
- ၇း၁၀ ရေဒီယိုဇာတ်လမ်းတွဲများ (ရောင်ပြန်မေတ္တာ-ဒုတိယပိုင်း) တေးပဒေသာ
- ၇း၄၀ ပြုံးပဒေသာ(ဒီအပူ+၂) နိုင်ငံရေးဦးတည်ချက် တေးပဒေသာ
- ၈း၀၀ ပြည်တွင်းသတင်း
- ၈း၂၀ ချမ်းမြေ့သာယာသီရိဂေဟာ (တေးသံရှင် ထူးအယ်လင်းနှင့် မီးမီးခဲတို့ဇနီးမောင်နှံ)
- ၈း၃၀ တေးပဒေသာ စီးပွားရေးဦးတည်ချက်
- ၉း၀၀ သီချင်းကြီး လူမှုရေးဦးတည်ချက်
- ၉း၁၅ ခံစားနားဆင်မြန်မာတေးသံစဉ် တေးပဒေသာ
- ၁၀း၀၀ အစီအစဉ်ပြီး၏။

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - ရန်တိုက်ပေးနေသည်။
- ☆ RFA, DVB - သွေးထိုးနေသည်။
- ☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ရော်ဘာကိုင်းပွားခင်းနှင့် ပျိုးခင်းများ ဒေသတွင်း၌ ပျိုးထောင်ထုတ်လုပ်နိုင်

သတင်းမှတ်စုနှင့် ဓာတ်ပုံ
ရာမည - သွေးမွန်
အဆင်အပြင် - ကျော်စွာလင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ ရော်ဘာစိုက်ဧကသည် နှစ်စဉ်တိုးမြင့်လာနေသည်။ ရရှိသမျှမြေလွတ်မြေရိုင်းများတွင် တောနင်းခုတ်ထွင်ကာ ရော်ဘာစိုက်ဧကများအဖြစ် ဖန်တီးနေကြသည်။ နှစ်စဉ်နှစ်တိုင်း ဤသို့သော စိုက်ချိန်ပျိုးချိန် ရောက်လေတိုင်း ပျိုးပင်လိုအပ်ချက်ရှိနေခဲ့သည်သာ ဖြစ်သည်။

ပြည်နယ်၏ ပျိုးပင်လိုအပ်ချက်ကို မွန်ပြည်နယ် မုဒုံမှသော်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှသော်လည်းကောင်း မှာယူဖြည့်ဆည်းခဲ့ကြရသည်။ ပြည်နယ်တစ်ခုလုံး၏ ပျိုးပင်လိုအပ်ချက်သည် ဧက ၁၀၀၀၀ ဖြစ်ရာ ပင်ရေ ၂၂ သိန်းမှ ၂၅ သိန်းဝန်းကျင်ရှိနေသည်။

ပြည်တွင်းမှ သယ်ယူရာတွင် အခက်အခဲများရှိ၍ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ပြည်နယ်မန်နေဂျာ၏ စီစဉ်မှုဖြင့် လိုအပ်သောပျိုးပင်များကို လက်ရှိ ဒေသခြံတွင်းမှာပင် ပျိုးထောင်ကြမည်ဖြစ်သည်။ အောက်ခံပင်များကို ရန်ကုန်၊ မုဒုံ၊ မော်လမြိုင်ဒေသများမှ မျိုးစေ့များ ပျိုးထောင်ရယူသည်။ အချို့ကိုဒေသတွင်း ရော်ဘာမျိုးသန့်ခြံများမှ မျိုးစေ့များ ရွေးချယ်စုဆောင်းကာ ပျိုးထောင်ကြရသည်။ လားရှိုးမြို့ရှိ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ဒုတိယလက်ထောက်

စာမျက်နှာ ၉ ကော်လံ ၇ သို့ ◆

ရော်ဘာပျိုးပင်စိုက်ပျိုးနည်း သရုပ်ပြနေစဉ်။

မျိုးသန့်ရော်ဘာများ ပျိုးထောင်ရန်အတွက် ဆောင်ရွက်ထားသော ရော်ဘာအဖူးကူးပင်။

မှတ်သားဖွယ်ရာ မိုးရေချိန်များ
၅ - ၉ - ၂၀၁၀

သထုံ	၆ ဒသမ ၇၃ လက်မ
ပေါင်	၅ ဒသမ ၃၉ လက်မ
လောင်းလုံ	၄ ဒသမ ၀၂ လက်မ
ဘားအံ	၃ ဒသမ ၇၀ လက်မ
ဋ	၃ ဒသမ ၁၉ လက်မ
ထားဝယ်	၂ ဒသမ ၁၆ လက်မ
မော်လမြိုင်	၁ ဒသမ ၈၉ လက်မ